# ဥပုသ်အပတ်စဉ်(၁)

## ဇန်နဝါရီလ(၆)ရက်၊ ၂၀၂၄ ခုနှစ်

## အရေးယူဆောင်ရွက်မှုလား/စိတ်ကူးဆန္ဒသက်သက်လား

*"ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ၊သန့်ရှင်းခြင်းလက္ခဏာ၊ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ဂရုဏာကိုထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏" (ရောမ ၁၂း၁)။*

ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားကြီး၊ မာတင်လူသာဟာ ဂျာမဏီနိုင်ငံကဘုန်းတော်ကြီးကျောင်းမှာ ခံယူချက်ချင်းတူတဲ့ မိတ်ဆွေတစ်ဦးနဲ့အတူနေခဲ့ပါတယ်။ အားကြီးတဲ့မေတ္တာနဲ့ယုံကြည်ခြင်းကိုထုတ်ဖော်ဘို့ တူညီတဲ့ဆန္ဒရှိကြတယ်။ သို့သော်၊ လူသာက အမှန်တရားအတွက် တိုက်လှန်လှုံ့ဆော်ဖို့အားသန်ပြီး၊ သူ့မိတ်ဆွေက ကျောင်းတော်မှာပဲ အေးအေးဆေးဆေး ဆုတောင်းတိုက်လှန်ဖို့ဆုံးဖြတ်ခဲ့တယ်။

တစ်ညမှာ မိတ်ဆွေကအိပ်မက်တစ်ခုမက်တယ်။ မျက်စိတစ်ဆုံးကျယ်ပြန့်တဲ့လယ်ပြင်ကြီးဟာဝင်းမှည့်နေတယ်။ လူတစ်ယောက်ကအလုအယက် ရိတ်သိမ်းနေတာကိုတွေ့ရတယ်။ သူတစ်ယောက်ထဲတော့မပြီးနိုင်ပါဘူး။ အနီးကပ်ကြည့်လိုက်တော့ထိုသူဟာ မာတင်လူးသာ ဖြစ်နေတယ်။ ထိုအချိန်မှစပြီး ဆုတောင်းပေးနေရုံနဲ့မပြီး၊လူးသာနဲ့အတူလက်တွဲပြီးတိုက်လှန်ဘို့ လိုအပ်ကြောင်း သဘောပေါက်သွားတယ်။ မှန်ကန်တဲ့စိတ်ပိုင်းဖြတ်မှုက အရေးကြီးပါတယ်။

### *ဒီနှစ်သစ်ရဲ့ဆက်ကပ်မှုအတွက် သင်ဘာတွေဆုံးဖြတ်ထားပါသလဲ။*

၁။နေ့စဉ်ဥပုသ်စာဖြေ၊ကျမ်းစာဖတ်ရှုလေ့လာခြင်း၊ဆုတောင်းခြင်းအချိန်ကိုသီးသန့်သတ်မှတ်ပါ။

၂။ မိသားစုဝင်များနေ့စဉ်နံနက်ယံ၊ညဦးယံဝတ်ပြုခြင်းမှာတွေ့ဆုံပါ။

၃။အပတ်စဉ်ဥပုသ်ကိုနေဝင်မှနေဝင်အထိစောင့်ထိန်းဘို့ ပြန်လည်အတည်ပြုပါ။

၄။ Zoom နဲ့လိုင်းပေါ် ဝတ်ပြုခြင်းအစားမျက်နှာချင်းဆိုင်ဆက်ဆံရေးဝတ်ပြုခြင်းကိုအတတ်နိုင်ဆုံးပါဝင်ပါ။

၅။ဆယ်ဖို့တစ်ဖို့သည် သင့်ဝင်ငွေ၏ဆယ်ပုံတစ်ပုံဖြစ်ကြောင်းနှင့်၊အလှူငွေကိုလည်းသင်ကိုယ်တိုင်သတ်မှတ်သောရာခိုင်နှုန်းဖြင့်ပုံမှန်ဆက်ကပ်ဖို့ ပြန်လည်ပြဌာန်းဆောင်ရွက်ပါ။

***တောင်းဆိုချက်***။ ။သင်စိတ်သန္နိဌာန်ချထားသည့်အရာကိုဤနှစ်တစ်လျှောက်လုံး၊ နေ့စဉ်နေ့တိုင်းမှာအမှန်တကယ်ပြည့်စုံစေဖို့ဘုရားသခင်ထံဆက်ကပ်ဆုတောင်းပါ။

# ဥပုသ်အပတ်စဉ်(၂)

## ဇန်နဝါရီလ (၁၃)ရက်၊ ၂၀၂၄

## ကိုယ်ပိုင်အသင်းတော်သဘောထားမျိုး

*“. . . . သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊အရေတွန့်ခြင်းစသည်တို့နှင့်လွတ်လပ်သဖြင့်၊အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှာ၊ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့အလို့ငှါ ကိုယ်ကိုကိုယ် စွန့်တော်မူ၏” (ဧဖက် ၅း၂၇)။*

သင်နှင့်စရိုက်တူသောအသင်းဝင်များဖြင့်သာ ဖွဲ့စည်းထားသောအသင်းတော်၏အခြေအနေ မည်ကဲ့သို့ရှိမည်ကို သင်စဉ်းစားဖူးပါသလား။ အကယ်၍ သင့်ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများဆက်ကပ်ပုံနဲ့သဘောထားတစ်မျိုးတစ်စားတည်း ဖြစ်နေမယ်ဆိုရင်ကော ဘယ်လိုအခြေအနေရှိမလဲ။

သင့်စိတ်ထဲတွင် မည်ကဲ့သို့သောအသင်းတော်မျိုးကို လိုချင်ပါသလဲ။ သင့်ကိုယ်ပိုင်အသင်းတော်မှာ သင့်ရဲ့အခန်းကဏ္ဍကအရေးကြီးပါတယ်။ ကိုယ်တစ်ဦးတစ်ယောက်ရဲ့အမှုအကျင့်က အသင်းတော်တစ်ခုလုံးကိုအကျိုးမသက်ရောက်နိုင်ဘူးလို့ ထင်ပါသလား။ “ကိုယ်တစ်ယောက်က တာဝန်ပျက်ကွက်ပေမယ့် အခြားသူတွေတော့သစ္စာရှိမှာပါ။ (ကျွန်ုပ်ကကျမ်းစာမသင်ပေးလည်း အခြားတစ်ယောက်ကသင်ပေးမှာပါ။) ဘာပဲဖြစ်ဖြစ်ဘုရားရဲ့အမှုတော်က ဆက်ပြီးတိုးတက်မှာပါ” ဆိုပြီးကျေနပ်နေမှာလား။

အမှန်တကယ်တော့ ကိုယ်ပိုင်အသင်းတော်သဘောထားအနေဖြင့် ကျွန်ုပ်တစ်ယောက်ရဲ့အသက်တာပုံစံဟာ ကျွန်ုပ်နဲ့နီးစပ်သူတွေ (အိမ်ထောင်ဖက်၊သားသမီးမိဘနဲ့ညီအစ်ကိုမောင်နှမတွေ) အပေါ်ဩဇာသက်ရောက်နေပါတယ်။ ကျွန်ုပ်ရဲ့သစ္စာရှိမှု/သစ္စာမရှိမှုအပေါ် မူတည်ပြီး ကျွန်ုပ်ရဲ့ပတ်ဝန်းကျင်ကို ဘုရားသခင်ရဲ့အမှုတော်နဲ့ နီးစပ်စေသလား/ဝေးကွာသွားစေသလား ဆိုတဲ့မေးခွန်းဟာ ကျွန်ုပ်အတွက်အရေးကြီးပါတယ်။ ဖခင်တစ်ယောက်ကပြောဖူးတယ်။ “ငါ့သားသမီးတွေကို ငါအကောင်းဆုံးထားခဲ့ပေးချင်တဲ့အမွေကတော့ ဘုရားသခင်အတွက်ဆက်ကပ်တဲ့ အသက်တာပုံစံပဲဖြစ်တယ်။ ငါဆက်ကပ်တာထက်သူတို့တွေ ပိုပြီးဆက်ကပ်နိုင်ဖို့ ငါမျှော်လင့်တယ်” လို့ဆိုပါတယ်။

***တောင်းဆိုချက်***။ ။ “ဘုရားသခင်ရဲ့အမှုတော်ကို သင်ဘယ်လောက်မြတ်နိုးသလဲ” လို့မေးလာခဲ့ရင် သင်ဘယ်လိုဖြေမှာလဲ။ အကောင်းဆုံးအဖြေဟာ သင့်ရဲ့စကားမှာ မတည်ဘူး။ သင့်ရဲ့အလုပ်မှာပဲတည်တယ်။ သစ္စာရှိစွာရပ်တည်မှုပဲဖြစ်တယ်။ ဒါဟာ ခရစ်တော်ရဲ့ တပည့်ဖြစ်ခြင်းအပေါ် စမ်းသပ်စစ်ဆေးခြင်း ဖြစ်ပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၃)
## ဇန်နဝါရီလ (၂၀)ရက်၊ ၂၀၂၄
## စစ်မှန်သောဆက်ကပ်ခြင်း

*"သင်သည်စုံလင်ခြင်းသို့ရောက်လိုလျှင် သွားလော့။ ကိုယ်ဥစ္စာများကိုရောင်း၍ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။" (မဿဲ ၁၉း၂၁)*

ထာဝရအသက်အတွက် မေးခွန်းထုတ်တဲ့ လူငယ်အရာရှိသူဌေးလေးကိုသခင်ယေရှုအဖြေပေးခဲ့တာဖြစ်ပါတယ်။ ထိုလူငယ်ထံမှ သခင်ယေရှုဘာလိုချင်နေသလဲ? သူ့ဆီကအားလုံးကိုလိုချင်ပါတယ်။ မှတ်သားဖို့ကောင်းတာကတော့ ထိုလူငယ်ကစိတ်မသက်မသာနဲ့ထွက်သွားတဲ့အခါမှာ သခင်ယေရှုက "နေပါအုံး၊ အဲဒါဥပမာအနေနဲ့ပြောတာပါ။ မင်းရဲ့ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကို မှန်မှန်ပေးရင်လုံလောက်ပါပြီ" လို့ဆွဲမထားပါဘူး။ ထိုလူငယ်ရဲ့ဘဝမှာ ပိုက်ဆံကဘုရားဖြစ်နေပါတယ်။ ဘုရားသခင်ကလုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်းကိုပဲလက်ခံပါတယ်။

ကျမ်းစာကို သေသေချာချာဖတ်ရင် ဘုရားသခင်ကသင့်ထံမှအရာအားလုံးကိုလိုချင်တယ်ဆိုတာကို တွေ့ရလိမ့်မယ်။ တစ်နေ့မှာ၊ ကလေး၅ယောက်ရဲ့မိခင်တစ်ယောက်က ဒီလိုတရားဟောတာမျိုးကိုနားထောင်နေရင်း သူ့မှာရှိသမျှကိုဘုရားသခင်ရဲ့သာသနာအတွက် ဆက်ကပ်မယ်လို့ဆုံးဖြတ်လိုက်တယ်။ သူ့အိမ်ကိုပြန်ရောက်တော့လိုက်ကြည့်တယ်။ သူကဆင်းရဲလို့ပေးလှူနိုင်တဲ့အရာဘာမှမရှိဘူး။ ဒါနဲ့အကြံတစ်ခုရလာတယ်။ သူ့မှာသမီးသုံးယောက်၊သားနှစ်ယောက်ရှိတယ်။ သူ့အိပ်ခန်းထဲကိုဝင်ပြီးဆုတောင်းတယ်။ "ဘုရားသခင်သာသနာတော်အတွက်ပေးလှူဖို့ ကျွန်မမှာပစ္စည်းဥစ္စာမရှိဘူး။ ကျွန်မရဲ့ကလေး(၅)ယောက်ကို သာသနာတော်အတွက်ပေးလှူဆက်ကပ်ပါတယ်။ သာသနာတော်အတွက် လက်ခံအသုံးပြုတော်မူပါ" လို့ ဆုတောင်းလိုက်ပါတယ်။ အချိန်တန်လာတဲ့အခါမှာ သူတို့တွေအားလုံး သာသနာ့ဝန်ထမ်းတွေဖြစ်လာကြပါတယ်။

(ဝိညာဉ်တော်စာစောင်ထဲမှာ. . . "လူတိုင်း၏စိတ်ဆန္ဒသည် ယာယီသာယာမှု၌စွဲလန်းတည်ရှိမည်လား (သို့မဟုတ်)ခရစ်တော်နှင့်မိတ်သဟာယပြုခြင်း၌စွဲကပ်တည်ရှိမည်လားဆိုသည်တွင် အစမ်းသပ်ခံနေရပါသည်။" (Desire of Ages, p. 273)

***တောင်းဆိုမှု။*** ။သင့်မှာရှိတဲ့အရာအားလုံးဟာဘုရားသခင်ရဲ့လက်တော်ထဲမှာရှိစေရမယ်။ ဘုရားသခင်ကသင့်မှာရှိသမျှအရာအားလုံးကိုအလိုရှိပါတယ်။ သင့်မှာရှိသမျှအားလုံးကိုမဆက်ကပ်သမျှကာလပတ်လုံး သင်ဘာတစ်ခုမှမဆက်ကပ်သေးကြောင်းနားလည်သင့်ပါတယ်။

# ဥပုသ်အပတ်စဉ် (၄)
## ဇန်နဝါရီလ (၂၇)ရက်၊ ၂၀၂၄
## မိဘမဲ့များအဖြစ်ဦမွေးစားခြင်း

*"ငါသည်သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာဦးမည်"။ (ယောဟန် ၁၄း၁၈)*

သာသနာပြုတစ်ယောက်အနေနဲ့ အိန္ဒိယနိုင်ငံ ချဲနိုင်းလေဆိပ်ကိုညသန်းခေါင်အချိန်ရောက်သွားခဲ့ပါတယ်။ လေယာဉ်ပေါ်ကဆင်းတာနဲ့ အခြေအနေလုံးဝမတူတဲ့ပတ်ဝန်းကျင်မှာအထီးကျန်နေသလို ခံစားရပါတယ်။ ရှည်လျားပြီးရှုပ်ယှက်ခတ်နေတဲ့လေဆိပ်ထဲမှာ လာကြိုမယ့်သူကိုအပြုံးအပြလိုက်ရှာရတယ်။ လေယာဉ်ကွင်းထဲကနေအပြင်ကိုထွက်လာတဲ့အခါမှာတော့ ပူလောင်တဲ့အရသာကိုခံစားရပြန်ပါတယ်။ မကြာခင်မှာပဲ မီးရထားနဲ့တစ်ညလုံးစီးသွားခဲ့တယ်။ နောက်နေ့မနက်မှာ လာမည့်ရှစ်လအထိမိသားစုမပါဘဲ တစ်ယောက်တည်းနေရမယ့် ကိုယ့်အတွက် ယာယီအိမ်သို့ရောက်လာခဲ့တယ်။

ထူးဆန်းတဲ့နေရာသစ်တစ်ခုမှာ နေသားမကျတဲ့သူတစ်ယောက်အဖို့ နည်းနည်းတော့စိတ်ပျက်မိပါတယ်။ ဘာဖြစ်လို့ ထူးခြားသာယာတဲ့အတွေ့အကြုံမျိုးကို မခံစားရတာလဲလို့ ဘုရားကိုစောတက တက်မိတော့၊ "မင်းဒီကိုလာတာ ကိုယ့်ကိုယ်ကိုပြောင်းလဲဖို့လား သူများရဲ့အသက်တာကိုပြောင်းလဲပေးဖို့လာတာလား" လို့ ဘုရားသခင်က အဖြေပေးပါတယ်။ "အော်၊ ဟုတ်သားပဲ" လို့ ပြန်မြင်လာမိတယ်။

ကိုယ့်အတ္တကိုပြန်မြင်လာမိပါတယ်။ အတ္တစိတ်တွေကိုဖယ်ထုတ်လိုက်ပြီး၊ ကလေးတွေရဲ့ဘဝကိုပြန်ပြီးအာရုံစိုက်မိပါတယ်။ ဒီသာသနာပြုခရီးစဉ်က ကျွန်ုပ်ကိုသွန်သင်ပေးလိုက်တာကတော့၊ ကျွန်ုပ်တို့တတွေဟာဘယ်ရောက်ရောက်ဘယ်တော့မှ မိဘမဲ့လိုမဖြစ်ပါဘူး။ ဘုရားသခင်က ကျွန်ုပ်တို့ကို သားသမီးအဖြစ်မွေးစားခဲ့ပြီဖြစ်ပါတယ်။

***တောင်းဆိုချက်***။ ။ ဒီလိုခက်ခဲတဲ့အဖြစ်မျိုးနဲ့ ဝန်ထမ်းနေကြတဲ့သာသနာပြုတွေရဲ့အတွေ့အကြုံနဲ့၊ ဘုရားသခင်ရဲ့အမှုတော်သာသနာကို မဟန့်ထားနိုင်ပါဘူး။ ဘုရားသခင်ရဲ့သာသနာလုပ်ငန်းတွေဟာ ကမ္ဘာတစ်ဝှမ်းမှာရှိနေတဲ့ ယုံကြည်သူတွေရဲ့ပေးလှူဆက်ကပ်ခြင်းအားဖြင့်လည်ပတ်နေပါတယ်။

-ဝ-

# ဥပုသ်အပတ်စဉ် (၅)
## ဖေဖော်ဝါရီလ (၃)ရက်၊ ၂၀၂၄
## တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်

***"ဝိညာဉ်တော်နှင့်လွတ်ခြင်းအလို့ငှာအဘယ်အရပ်သို့သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့်လွတ်ခြင်းအလိုငှာအဘယ်အရပ်သို့ပြေးနိုင်ပါမည်နည်း" (ဆာ ၁၃၉း၇)။***

လူကြီးတစ်ယောက်ဟာ သူများပိုင်တဲ့ပြောင်းခင်းထဲမှာသွားခိုးဖို့ သူ့သမီးငယ်လေးကိုအဖော်ခေါ်သွားခဲ့တယ်။ "သမီးရေဒီမှာစောင့်နေ။ လူတစ်ယောက်ကိုတွေ့ရင် ဖေဖေ့ကိုပြောလိုက်ပါ" လို့မှာထားပြီး ပြောင်းခင်းထဲကိုဝင်သွားပါတယ်။ ညဦးပိုင်းအချိန်ဆိုတော့လူသူမတွေ့နိုင်ဘူးပေ့ါ။ ပြောင်းဖူးတွေရနိုင်သလောက်သူခူးနေတဲ့အချိန်မှာပဲ သမီးလေးဆီက အသံတိုးတိုးလေးကြားလိုက်ရပါတယ်။ "ဖေဖေ့ကိုတစ်ယောက်ယောက်ကကြည့်နေတယ်" ဆိုတာကိုကြားလို့ ဘေးပတ်လည်ကိုသူကြည့်လိုက်တယ်။ ဘယ်သူ့ကိုမှ မတွေ့ဘူး။ ဒါနဲ့ပြောင်းဖူးတွေကို ဆက်ပြီးခူးခဲ့တယ်။ နောက်တစ်ခါ "ဖေဖေ့ကိုလူတစ်ယောက်ယောက်ကကြည့်နေတယ်" ဆိုပြီးထပ်ပြောပြန်ရော။ ဒါနဲ့ပဲခူးထားတဲ့ပြောင်းဖူးတွေကိုသယ်ပြီး သူ့သမီးဆီကိုရောက်လာတယ်။

"မဟုတ်ဘဲလျှောက်ပြောနေတယ်။ ဘယ်သူကြည့်နေလို့လဲ၊ ဘယ်သူမှမတွေ့ပါလား" ဆိုပြီး သမီးလေးကိုဆူလိုက်တော့၊ သမီးလေးက မှောင်မဲနေတဲ့ကောင်းကင်ကိုလက်ညှိုးထိုးပြီး "ဖေဖေ. . မိုးပေါ်ကကြည့်နေတယ်" လို့ တိုးတိုးလေးပြောလိုက်ပါတယ်။

ရိုးရှင်းတဲ့ ဒီပုံပြင်လေးဟာ ကျွန်ုပ်တို့ကိုသတိပေးနေပါတယ်။ အမှောင်ထဲမှာဖြစ်စေ၊အိပ်ခန်းထဲမှာဖြစ်စေ၊ တစ်ယောက်ထဲပဲရှိနေလည်း ဘုရားသခင်က ကျွန်ုပ်တို့အနားမှာရှိနေတယ်။ ဘုရားသခင်ကအနီးအနားမှာရှိနေတဲ့အတွက် ရှက်ကြောက်စရာဖြစ်ရမယ့်အစား၊ စိတ်ချလုံခြုံမှုရှိတယ်ဆိုတဲ့ ခံစားချက်ပဲဖြစ်စေချင်ပါတယ်။ ဘုရားသခင်က ကျွန်ုပ်တို့ကို အမြဲတမ်းကူညီချင်တာ၊ ကယ်တင်ချင်နေတာဖြစ်ပါတယ်။ ဘုရားသခင် အနီးမှာရှိနေခြင်းနဲ့ ထိုက်တန်ဘို့လိုအပ်ပါတယ်။ သစ္စာရှိရပါမယ်။

မိမိရဲ့ အိမ်ထောင်ဖက်နဲ့ဝေးနေရတဲ့အချိန်ဖြစ်စေ၊ လူအများထဲမှာ တစ်ဦးတည်းသောခရစ်ယာန်ဖြစ်နေရသည်ဖြစ်စေ၊ ဘုရားကိုမရှိသေတဲ့အသိုင်းအဝိုင်းထဲမှာတစ်ကိုယ်တည်းဖြစ်နေရသော်လည်း ရိုးသားဖို့၊သစ္စာရှိဖို့ လိုအပ်ပါတယ်။

***တောင်းဆိုမှု။*** ။ သင့်ရဲ့ဆယ်ဖို့တစ်ဖို့နဲ့ အလှူငွေများကိုအပ်နှံတဲ့အချိန်မှာ သနားကြင်နာတတ်တဲ့ဘုရားသခင်နဲ့အတူ လျှောက်လှမ်းပြီးအမှုတော်ဆောင်ရတာကို ကျေးဇူးတင်ချီးမွမ်းလိုက်ပါ။

# ဥပုသ်အပတ်စဉ် (၆)
## ဖေဖော်ဝါရီလ (၁၀)ရက်၊ ၂၀၂၄
## မှားယွင်းသော ဘုရားများ

***"သူတို့သည် မှန်သောဘုရားသခင်အရာ၌ အမှားကိုထားလျက်၊ဖန်ဆင်းတတ်သောသခင်ကိုပယ်၍ ဖန်ဆင်းအပ်သောအရာကိုဝတ်ပြုကိုးကွယ်သောသူဖြစ်ကြ၏။ ထိုသခင်သည် ထာဝရမင်္ဂလာရှိတော်မူ၏" (ရောမ ၁း၂၅)။***

ဘဝအသက်တာမှာ ဘုရားသခင်နဲ့စုံလင်တဲ့ဆက်ကပ်မှုမဟုတ်လေသမျှဟာ မှားယွင်းတဲ့ဘုရားဖြစ်ပါတယ်။ ဂရိတို့ရောမတို့လိုရှေးလူသားတွေမှာ ဘာမဆိုဘုရားဖြစ်နိုင်တယ်။ ဒါကြောင့်မို့ သူတို့မှာ ဟက်ဖာစတပ်(ဂ်)ဆိုတဲ့ အလုပ်နဲ့ဆိုင်တဲ့ဘုရား၊မမ်မွန်ဆိုတဲ့ပိုက်ဆံဘုရား၊ ဟိမရော့စ် ဆိုတဲ့မျိုးပွားစေတဲ့ဘုရား စသည်ဖြင့်ဘုရားအများကို ခန့်ထားပါတယ်။

အမှန်အတိုင်းဝန်ခံရရင် အဲ့ဒီမှားယွင်းတဲ့ဘုရားတွေနဲ့လူတွေမှားကြတယ်။ ဥပမာ၊ အလုပ်ဆိုတာကောင်းကြီးမင်္ဂလာဖြစ်ပေမယ့်၊ အလုပ်တစ်ခုကိုပဲဦးစားပေးသွားရင် အလုပ်ကဘုရားဖြစ်သွားတယ်။ မျိုးပွားခြင်းဟာ ဘုရားဘုန်းတော်ထင်ရှားဖို့ဖြစ်ပေမယ့် ဘုရားချမှတ်တဲ့ပုံစံအတိုင်း မသွားရင် မှားယွင်းမှုအတွက် သူ့ရဲ့ဘုရားဖြစ်သွားတယ်။ ပိုက်ဆံလည်းထိုနည်းတူပါပဲ။ မှားယွင်းတဲ့ဘုရားအမျိုးတိုင်းဟာ ကျွန်ုပ်တို့ရဲ့ဝိညာဉ်ရေးကို ဖျက်ဆီးပစ်ပါတယ်။

ရောမ ၁း၂၅ ထဲမှာရှင်ပေါလုဖော်ပြတဲ့အတိုင်း လူတွေဟာ စစ်မှန်တဲ့ဘုရားနေရာမှာ ဘုရားမဟုတ်တဲ့ဘုရားအမှားတွေကို အစားထိုးကြတယ်။ ဒီလိုကိုးကွယ်မှုမျိုးဟာ လိမ်လည်မှုပဲဖြစ်လို့ စစ်မှန်တဲ့ပျော်ရွှင်မှုကို ဘယ်တော့မှမပေးနိုင်ဘူး။ ရှင်ပေါလုကတာကိုမိုက်မဲခြင်းလို့ခေါ်တယ်။ လူနဲ့ပစ္စည်းဥစ္စာအပေါ်မှီခိုပြီး ပျော်ရွှင်မှုကိုရှာဖွေခြင်းဟာ မိုက်မဲခြင်းဖြစ်ပါတယ်။ စစ်မှန်တဲ့ပျော်ရွှင်မှုကို ဘုရားသခင်ကသာပေးနိုင်ပါတယ်။ ဘုရားအမှားတွေထဲမှာ လောဘလွန်ကျူးခြင်းဟာ အကြီးမားဆုံးသောပျက်စီးမှုကိုဖြစ်စေပါတယ်။ သစ္စာစောင့်ခြင်းနဲ့ စေတနာထက်သန်ခြင်းဟာ လောဘလွန်ကြူးစိတ်ကို အကောင်းဆုံးထိန်းချုပ်နိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။

ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေများကို သစ္စာရှိစွာဆက်ကပ်ခြင်းအားဖြင့် လောဘဘုရားကို ဖယ်ရှားနှင်ထုတ်ပစ်နိုင်ပါသည်။

***တောင်းဆိုချက်။*** ။ သင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုဆက်ကပ်သောအချိန်မှာသင့်ဘဝကို အဖက်ဖက်မှထိန်းချုပ်ဖျက်ဆီးလိုတဲ့ ဘုရားအမှားတွေသုတ်သင်ဖယ်ရှားပစ်နိုင်ဘို့ ဘုရားသခင်ထံဆုတောင်းပါ။ ဘုရားသခင်ကိုဦးစားပေးနေရာမှာထားပြီးသင့်ကိုယ်သင်နောက်ဆုံးနေရာမှာ ထားရှိဘို့ ဆုံးဖြတ်လိုက်ပါ။

# ဥပုသ်အပတ်စဉ် (၇)
## ဖေဖော်ဝါရီလ (၁၇)ရက်၊ ၂၀၂၄
# ကျွန်ုပ်မယုံကြည်သောအခါ ဘာလုပ်ရမည်နည်း

*"အိုဘုရားသခင်၊ထတော်မူပါ။ကိုယ်အမှုကိုစီရင်ဆုံးဖြတ်တော်မူပါ" (ဆာလံ ၇၄း၂၂)။*

အချို့သောသူတွေဟာ အသင်းတော်ရဲ့ရံပုံငွေတွေနဲ့အလှူငွေများကိုသုံးစွဲရာမှာ သူတို့ရဲ့သဘောနဲ့မတိုက်ဆိုင်ခြင်းနဲ့ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ထင်မြင်ခြင်းကြောင့် မိမိတို့ရဲ့ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေများကို ထည့်ဝင်ဘို့ငြင်းဆန်ကြပါတယ်။

အသင်းတော်ထဲမှာ လုပ်ဆောင်နေတဲ့အရာတွေကို လက်မခံနိုင်တဲ့အခါမျိုးမှာ ဘယ်လိုလုပ်သင့်ပါသလဲ။ ဒီမေးခွန်းကိုအီးဂျီဝိုက်ရဲ့ကောက်နှုတ်ချက်နဲ့ အဖြေပေးထားပါတယ်။

လူအချို့တို့သည် "အသင်းတော်၌ အလုပ်စီမံခွဲခန့်မှုကိုယုံကြည်မှုမရှိသောကြောင့် ကျွန်ုပ်၏ဆယ်ဖို့တစ်ဖို့ကို ဘယ်တော့မှမအပ်နှံတော့ပါ" ဟုမကျေနပ်သောစိတ်ဖြင့်ပြောကြသည်။ သို့သော် စီမံခန့်ခွဲပုံမမှန်ကန်ပါဟူသော စိတ်အထင်ဖြင့် သင်သည် ဘုရားသခင်၏ဥစ္စာကိုလုယူမည်လော။ သင်၏ဆင်ခြေကို ရိုးသားပွင့်လင်းမှန်ကန်သောသဘောမှာမှာထားရှိပါ။ ညှိနှိုင်းစေ့စပ်နိုင်မှုအတွက်ဆုတောင်းပါ။ သူတပါးကမှန်မှန်ကန်ကန်မပြုသောကြောင့် သင်သည်ဘုရားသခင်၏အမှုတော်မှလှည့်ထွက်ကာ တရားမျှတမှုမရှိပါဟု သက်သေမထူပါနှင့်။ Gospel Workers, p.226

ဤကောက်နှုတ်ချက်က ကျွန်ုပ်တို့အားလေးနက်တဲ့အမှန်တရားကိုဖော်ပြပါတယ်။
၁။ ခေါင်းဆောင်တစ်ချို့က အသင်းတော်ပိုင်ဆိုင်မှုတွေကိုမှန်မှန်ကန်ကန်မစီမံတဲ့အတွက်၊ သင်လည်းသစ္စာစောင့်ဖို့ပျက်ကွက်ရင်၊ ဘုရားသခင်ရဲ့ဥစ္စာကိုလုယူနေခြင်းပဲဖြစ်ပါတယ်။
၂။ ဦးဆောင်သူရဲ့လုပ်ပိုင်ခွင့်ကိုစုံစမ်းလေ့လာထုတ်ဖော်နိုင်ပေမယ့်၊ ဆန့်ကျင်တိုက်ခိုက်တဲ့သဘောကို လိုက်ပြီးအဖြေမရှာပါနဲ့။
၃။ ရိုးသားတဲ့ခရစ်ယာန်တစ်ယောက်ရဲ့ သဘောထားနဲ့သင့်ရဲ့ သံသယကိုထုတ်ဖော်ပါ။ သင့်တော်မှန်ကန်တဲ့စကားလုံးနဲ့ ပြောတတ်တဲ့ဉာဏ်ပညာကိုဘုရားသခင်ထံမှာ တောင်းလျှောက်ပါ။ ဖျက်ဆီးဖို့မဟုတ်ဘဲ အပြုသဘောနဲ့လုပ်ဆောင်ပါ။
***တောင်းဆိုချက်။*** ။ အမှုတော်လည်ပတ်မှုထဲမှာ သင့်ရဲ့ယုံကြည်စိတ်ချမှုအားနည်းကောင်းနည်းလိမ့်မယ်။ယခုပဲဒူးထောက်ပြီး ပရောဖက်လမ်းညွှန်းမှုဖြင့်လုပ်ဆောင်တဲ့ဉာဏ်ပညာကိုတောင်းလျှောက်ကာသစ္စာရှိစွာဖြင့်အမှန်တရားမှာဆက်လက်တည်နေပါ။
-၀-

# ဥပုသ်အပတ်စဉ် (၈)

ဖေဖော်ဝါရီလ (၂၄)ရက်၊ ၂၀၂၄

# ကျွန်ုပ်တို့သားသမီးများ၏ စိတ်ဝိညာဉ်ကိုကာကွယ်ခြင်း

*"အကြောင်းမူကား၊ အကြင်အရပ်၌သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့၏စိတ်နှလုံးရောက်တတ်၏" (မဿဲ ၆း၂၁)။*

အန်ထော်နီဟာ အသင်းတော်နဲ့ဝေးကွာသွားတဲ့ သားသမီးသုံးယောက်အတွက် စိတ်ပူပန်နေပါသည်။ သူတို့တွေမှာအိမ်ထောင်ကိုယ်စီရှိကြပြီ။ ဒါပေမယ့်ဘုရားကျောင်းတစ်ခါမှမတက်ကြတော့ဘူး။ အန်ထော်နီကတော့ သူတို့ကိုကျောင်းတက်ဘို့နဲ့အိမ်ထောင်ဝတ်ပြုခြင်းတွေမှာပါဝင်ဘို့အမြဲတမ်းခေါ်ခဲ့တယ်။ ဘုရားနဲ့ဝေးကွာသွားတဲ့ဆိုးကျိုးအန္တရာယ်ကိုပြောလွန်းလို့ သားသမီးတွေကနားငြီးကုန်တယ်။ အတွေ့မခံချင်ကြတော့ဘူး။

အန်ထော်နီကတော့ သူတို့အတွက်အလေးအနက်ထားပြီးဆုတောင်းပေးခဲ့တယ်။ တစ်နေ့သောမနက်ခင်း၊ သူဆုတောင်းနေချိန်မှာ(မဿဲ၆း၂၁) ထဲက "အကြင်အရပ်၌ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့၏စိတ်နှလုံးရောက်တတ်၏" ဆိုတာကိုကြားနေရပါတယ်။ သူကပိုဆုတောင်းလေ ဒီအသံကိုပိုကြားရလေဖြစ်တယ်။ သူဟာဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ သူ့သားသမီးတွေဆီသွားပြီး၊ မင်းတို့ရဲ့ဆယ်ဖို့တစ်ဖို့နဲ့ အလှူငွေတွေကိုထည့်ရင် ငါမင်းတို့ကို ဘုရားကျောင်းတက်ဖို့အကြောင်း ဘယ်တော့မှမပြောတော့ဘူး။ ဒါကိုသဘောတူဘို့အပေးအယူလုပ်ခဲ့ပါတယ်။ အဲဒါကနားအတွက်ခံသာမယ်ဆိုပြီး သူတို့တွေသဘောတူကြတယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်းများမကြာမီမှာ သူ့သားသမီးတွေဟာ ဘုရားကျောင်းပြန်တက်လာကြတာကို အန်ထော်နီ မြင်တွေ့ခွင့်ရလာခဲ့ပါတယ်။ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကြောင့် ဘုရားနဲ့ပြန်လည်နီးစပ်လာကြပါတယ်။

***တောင်းဆိုချက်။*** ။ သင့်ရဲ့သားသမီးတွေဟာ ဘုရားသခင်နဲ့သူ့ရဲ့အမှုတော်ကို ပထမဦးဆုံးနေရာမှာထားရှိတတ်ဖို့ ဘုရားသခင်ထံဆုတောင်းပါ။

-o-

# ဥပုသ်အပတ်စဉ် (၉)

မတ်လ (၂)ရက်၊ ၂၀၂၄

# ပိုင်ရှင်ဘယ်သူလဲ

*"ငါသည်ငတ်မွတ်လျှင် သင့်ကိုမပြော။ လောကဓာတ်နှင့်လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏" (ဆာလံ ၅၀း၁၂)။*

စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ ရှေ့နေနဲ့စာရင်းကိုင်ထံသွားပြီး၊ သူ့ရဲ့ ကုမ္ပဏီမှာဘုရားသခင်ကိုသူ့ရဲ့အကျိုးတူစီးပွားဖက်အဖြစ်ထားပြီး၊ စာရွက်စာတမ်းစာချုပ် လုပ်ပေးဖို့တောင်းဆိုခဲ့ပါတယ်။ စီးပွားဖက်ရဲ့ နာမည်နေရပ်လိပ်စာတိုင်းပြည် စသည်တို့ လိုအပ်ပါတယ်။ စည်းကမ်းအရ ဒီလိုစာရွက်စာတမ်းမျိုး လုပ်ပေးလို့မရကြောင်းပြော ပါတယ်။

အဲဒီလုပ်ငန်းရှင်ဟာ စိတ်ပျက်လက်ပျက်နဲ့အိမ်ကိုပြန်လာခဲ့တယ်။ ဆာလံ(၅၀) ကိုဖတ်မိတဲ့အခါမှပဲ သူ့ရဲ့ဆန္ဒက လုံးဝမဖြစ်နိုင်မှန်းသိသွားခဲ့တယ်။ သူကသူ့ရဲ့လုပ်ငန်း မှာ ဘုရားသခင်ကိုသူ့ရဲ့စီးပွားဖက်(partner)အဖြစ်နေရာပေးချင်တယ်။ အမှန်တကယ် မှာတော့ ဘုရားသခင်ကသာ ပိုင်ရှင်(owner) ဖြစ်ပြီး၊ သူ့ကို ဘုရားရဲ့စီးပွားဖက်အဖြစ် အခွင့်အရေးပေးထားတာကို နားလည်လာပါတော့တယ်။ ဘုရားသခင်ကို ပိုင်ရှင် (owner) အဖြစ် မသတ်မှတ်ချင်တာ ကိစ္စမရှိပါ။ ဘုရားသခင်ဟာ အရာခပ်သိမ်းကိုပိုင် သတယ်ဆိုတာကိုတော့ ဘယ်လိုမှပြောင်းလဲလို့မရပါဘူး။

ဒီအခြေခံသဘောတရားကို နားလည်သဘောပေါက်တာနဲ့ ကျွန်ုပ်တို့ရဲ့သစ္စာရှိ သောဆက်ဆံရေးသဘောသဘာဝဟာ လုံးဝပြောင်းလဲသွားပါတယ်။ သင့်အချိန်၊သင့် အစွမ်း၊ သင့်ပိုင်ဆိုင်မှုတွေကို ဘုရားသခင် အသင်းတော်ရဲ့လိုအပ်မှုတွေအတွက် ဆက် ကပ်လိုက်ပါ။ ကျွန်ုပ်တို့တစ်စုံတစ်ရာကိုပိုင်ဆိုင်ရခြင်းဟာ ဘုရားရဲ့အမှုတော်အတွက် ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့လက်ထဲမှာရှိလာတာဟာ ဘုရာသခင်ရဲ့ဖန်ဆင်းခြင်းနဲ့ ရွေးနှုတ် ကယ်တင်ခြင်းကြောင့်ဖြစ်တယ်ဆိုတာကို သဘောပေါက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကို ဆက်ကပ်တယ်ဆိုတာ ပိုင်ရှင်ကို ကျေးဇူးတင်လို့ဝမ်းမြောက် ကျေနပ်စွာ ကျေးဇူးဆပ်တုံ့ပြန်ခြင်း ဖြစ်ပါတယ်။

***တောင်းဆိုချက်။*** ။ သင်၊ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကိုပြန်လည်ပေးအပ်တဲ့အချိန်မှာ၊ ဘုရားသခင်ဟာ ပိုင်ရှင်ဖြစ်ကြောင်းကိုပြန်လည်အခိုင်အမာပြုပြီး၊ သူပေးအပ်ထားတဲ့ ဆုကျေးဇူးကို အမှုတော်အတွက်အသုံးတော်ခံဆက်ကပ်ခွင့်ရတဲ့အတွက် ကျေးဇူးတော် ကိုချီးမွမ်းပါ။

-၀-

# ဥပုသ်အပတ်စဉ် (၁၀)
## မတ်လ (၉)ရက်၊ ၂၀၂၄
## ရှင်သန်ရခြင်း၏အကြောင်းရင်းတစ်ခု (AWR)

***"ထို့ကြောင့် ငါချစ်သောညီအစ်ကိုတို့ သင်တို့သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်၍ အကျိုးကြီးသည်ကိုသိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့လျော့မတိမ်းယိမ်းဘဲလျက်၊ ဘုရားသခင်၏အမှုတော်ကို ကြိုးစားအားထုတ်ကြလော့" (၁ကော ၁၅း၅၈)။***

အောင်ကိုဆိုတဲ့သူဟာ ငယ်စဉ်ကတည်းကမျက်စိမမြင်ခဲ့ပါ။ မိမိကိုယ်ကိုသေကြောင်းကြံခဲ့တာလည်းအကြိမ်ကြိမ်ပါဘဲ။ ဒါပေမယ့်သူဟာ သခင်ယေရှုအတွက်အသက်ရှင်တဲ့သက်သေခံတစ်ယောက်ဖြစ်လာခဲ့ပါတယ်။

အောင်ကိုဟာ ဘုရားတရားကိုင်းရှိုင်းတဲ့ဘာသာတရားတစ်ခုရဲ့ မိသားစုမှမွေးဖွားလာခဲ့ပါတယ်။ အသက်(၇)နှစ်အရွယ်မှာ မျက်စိရောဂါတစ်မျိုးကိုခံစားရပြီး ဆေးရုံဆေးခန်းမပြနိုင်တဲ့အတွက် မျက်စိနှစ်လုံးကွယ်ခဲ့ရပါတယ်။ ဆယ်ကျော်သက်အရွယ်၊ ၇-တန်း အဆင့်မှာပဲပညာရေးရပ်တန့်ခဲ့ပါတယ်။

တစ်နေ့၊ သူ့အသက်(၃၀)လောက်မှာ၊ သူတို့ရဲ့ရွာကလေးကိုခရစ်ယာန်သာသနာပြုတစ်ယောက် ခရစ်တော်ရဲ့အကြောင်းကိုလာရောက်ဟောပြောတာကို ကြားရပါတယ်။ ဒါနဲ့ အောင်ကိုနဲ့သူ့မိသားစုဟာခရစ်ယာန်ဖြစ်လာပါတယ်။ သူဟာ စာမဖတ်နိုင်တဲ့အတွက် ရေဒီယိုရဲ့အထောက်အပံ့နဲ့ပဲ နှုတ်ကပတ်တော်ကို လေ့လာခဲ့ရပါတယ်။ တနေ့ AWR မျှော်လင့်ခြင်းအသံနဲ့ချိတ်ဆက်မိပါတယ်။ အဲဒီလိုင်းကို မှတ်သားပြီးနေ့တိုင်းနားထောင်ခဲ့ပါတယ်။ သူ့ဘဝအသက်တာနဲ့ပတ်သက်လို့ စိတ်သက်သာဖြေသိမ့်မှုကိုအမှန်တကယ်ရရှိလာခဲ့ပါတယ်။ အခုဆို သူ့အိမ်မှာလူစုပြီးဘုရားဝတ်ပြုပါတယ်။ သူ့ရဲ့သက်သေခံချက်ထဲမှာ "အခု ကျွန်တော် ဘုရားအမှန်၊တရားအမှန်၊ဥပုသ်အမှန်ကိုလည်းသိခဲ့ရပါတယ်။ ရေဒီယိုအားဖြင့် ဟောကြားဖော်ပြချက်ကိုသာမရခဲ့ရင် ကျွန်တော့ဘဝမှာ ဘာမှအဓိပ္ပါယ်ရှိတော့မှာ မဟုတ်ဘူး၊ မျှော်လင့်ခြင်းအသံကို ကျေးဇူးတင်ပါတယ်" လို့ပြောခဲ့ပါတယ်။

***တောင်းဆိုချက်။*** ။ ဒီနေ့အလှူငွေဟာ AWR အတွက် သီးသန့်သတ်မှတ်ထားပါတယ်။ AWR ဟာဘာသာစကားပေါင်း(၁၀၀)ကျော်နဲ့ အစီအစဉ်တွေထုတ်လွှင့်နေပါတယ်။ သင့်ရဲ့ပေးလှူဆက်ကပ်ခြင်းဟာ သာသနာပြုတရားပွဲလုပ်ငန်းကို များစွာတိုးချဲ့လုပ်ဆောင်သွားစေမှာဖြစ်ပါတယ်။ ဤအမှုတော်အတွက်ဆုတောင်းပေးပြီး ပုံမှန်လှူဒါန်းဆက်ကပ်ခြင်းအားဖြင့်ထောက်ပံ့သွားပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

# ဥပုသ်အပတ်စဉ် (၁၁)
## မတ်လ (၁၆)ရက်၊ ၂၀၂၄
## ပေးဆပ်ရသော အလှူတစ်ခု

***"ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆)။***

၁၈၅၇ ခုနှစ်တုန်းကဖြစ်ပါတယ်။ ဒေးဗစ်လစ်ဗင်းစတုန်းဟာ အင်္ဂလန်မှာရှိတဲ့ ကင်းဘရစ်ချ်တက္ကသိုလ်မှာ ချီးကျူးဂုဏ်ပြုခြင်းခံရဖို့နဲ့ ကျောင်းသားတွေရှေ့မှာစကားပြောဖို့ ဖိတ်ကြားခြင်းခံခဲ့ရပါတယ်။ သူက ဥရောပမှာရှိနေတဲ့ ကြွယ်ဝခြင်းတွေကိုထားခဲ့ပြီး အာဖရိကတိုက်သားတွေအတွက် မိမိရဲ့ဘဝကို နစ်မြုပ်အပ်နှံထားခဲ့သူဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ရှေ့မှာရပ်နေတဲ့ ပိန်ပိန်ပါးပါး လူကြီးတစ်ယောက်ဟာ အာဖရိကရဲ့ အဖျားရောဂါကို ၃၁ ကြိမ်ခံစားခဲ့ရပြီး၊ တောတွင်းခြင်္သေ့နဲ့ ရင်ဆိုင်ခဲ့ရတဲ့နောက်ပိုင်း၊ လက်တစ်ဖက်ကိုပတ်တီးကြိုးနဲ့ သိုင်းချည်ထားရတဲ့သူဖြစ်ပါတယ်။ အင်္ဂလန်ပြည်အနှံ့အပြားက သူ့ကို သူရဲကောင်းတစ်ယောက်အဖြစ်ကြိုဆိုကြပါတယ်။ ဒါပေမယ့် သူကဒီစကားတွေကို ပြောခဲ့ပါတယ်။

"လူတွေက ကျွန်တော်အာဖရိကမှာ အချိန်အများကြီးကို ပေးဆပ်ခဲ့တဲ့အကြောင်းတွေပြောကြပါတယ်။ ဘယ်လိုမှ ပြန်လည်မပေးဆပ်နိုင်တဲ့ဘုရားသခင်ထံမှာ ကြီးမားစွာတင်နေတဲ့ အကြွေးအတွက် ဒီလောက်လေးပြန်လုပ်ပေးတာကို ဆက်ကပ်ခြင်းလို့ခေါ်ဝေါ်ထိုက်ပါ့မလား။ ကျန်းမာသုခနဲ့လှုပ်ရှားဆောင်ရွက်နေရတာ၊ ကျေနပ်ရောင့်ရဲမှုနဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေရှိနေတာကို ဆက်ကပ်ခြင်းလို့ခေါ်ပါသလား။ ဒီလိုတွေးပြန်တော့ ကျွန်တော်ဘာမှမဆက်ကပ်ရသေးဘူးလို့ မြင်ပါတယ်။ အဖခမည်းတော်ရဲ့ ဘုန်းတော်ပလ္လင်ကိုစွန့်ပြီး ကျွန်တော်တို့အတွက် ဆင်းသက်လာခဲ့တဲ့ဆက်ကပ်မှုကြီးကို တွေးမြင်လာတဲ့အခါ တခြားဘာမှပြောစရာမရှိတော့ပါဘူး။"

ဒီစကားရပ်တွေဟာ ကရာနီကုန်းပေါ်က ပေးလှူဆက်ကပ်မှုကို ပြန်လည်သတိရစေပါတယ်။ ဘုရားရဲ့သာသနာလုပ်ငန်းအတွက် ကျွန်ုပ်တို့ပေးလှူသမျှဟာ လက်ဝါးကပ်တိုင်ပေါ်ကရရှိတဲ့ ဆုကျေးဇူးနဲ့စာရင် ၄င်းရဲ့အစွန်းထွက်လေးတောင်မမီနိုင်ပါဘူး။ ဒါကြောင့် ဘုရားသခင်သတ်မှတ်ထားတဲ့ ၁၀% အပြင် ကျွန်ုပ်တို့ကိုယ်တိုင်သတ်မှတ်တဲ့ပူဇော်သက္ကာ %ဟာ တိုက်တန်တဲ့ စိန်ခေါ်မှုတော့ ဖြစ်သင့်ပါတယ်။

***တောင်းဆိုချက်။*** ။ သင့်ရဲ့ကိုယ်ပိုင်ဝင်ငွေကို ပုံမှန်ပြန်လည်တွက်ချက်ပြီး သင်သတ်မှတ်လိုက်တဲ့ရာခိုင်နှုန်းဟာ အမှန်တကယ် ဆက်ကပ်ခြင်းဖြစ်ပါသလားဆိုတာကို ပြန်မေးကြည့်ပါ။ ထိုအခါမှသာ လက်ဝါးကပ်တိုင်ပေါ်မှဆက်ကပ်မှုကြီးကို ကျေးဇူးတင်စိတ်နဲ့ကျေကျေနပ်နပ် တုံ့ပြန်နိုင်မှာ ဖြစ်ပါတယ်။

# ဥပုသ်အပတ်စဉ် (၁၂)
## မတ်လ (၂၃)ရက်၊ ၂၀၂၄
# ဆရာကို သင်ပေးခြင်း

***"သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်နှုတ်ကပတ်တော်၌မှီဝဲဆည်း ကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့်သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ" (၁ယော ၂း၁၄)။***

ဘရူနိုနဲ့နတ်တလီယာတို့ ဇနီးမောင်နှံကိုကြည့်နေရင်း ဒီနိုင်ငံခြားသားတွေဘာဖြစ်လို့များ သူတို့ရဲ့ဘာသာစကားကို သင်ချင်ကြတာလဲလို့ "ကဲန်" တစ်ယောက်စဉ်းစားနေပါတယ်။ နောက်ပြီးတော့ "ခင်ဗျားတို့က ခရစ်ယာန်တွေလား" လို့မေးလိုက်တဲ့အခါ၊ ထိုဇနီးမောင်နှံက မချင့်မရဲဖြစ်သွားပါတယ်။ ပျိုရွယ်သေးတဲ့ ဒီဇနီးမောင်နှံဟာယေရှုအကြောင်းမပြောရ၊ ကန့်သတ်တားမြစ်ထားတဲ့ အရှေ့အလယ်ပိုင်းကို သာသနာပြုအဖြစ်ရောက်ရှိလာကာစဖြစ်ပါတယ်။ ဒေသသုံးဘာသာစကားကို လေ့လာသင်ယူဖို့ "ကဲန်" နဲ့ဆက်သွယ်လိုက်တာဖြစ်ပါတယ်။

သူမေးတာကိုဖြေဖို့ခက်နေပါတယ်။ စိတ်ထဲဆုတောင်းပြီး ဟုတ်ပါတယ်လို့ဖြေလိုက်တဲ့အခါမှာ၊ "ကျွန်တော်သင်ပေးပါမယ်။ ဘာဖြစ်လဲဆိုတော့၊ ကျွန်တော်ကသမ္မာကျမ်းစာကိုတိတ်တဆိတ် လေ့လာနေတဲ့ သူတစ်ယောက်ဖြစ်ပါတယ်" လို့ပြန်ပြောလိုက်တဲ့အခါ၊ ဇနီးမောင်နှံနှစ်ယောက်ဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့အားသင့်ခဲ့ရပါတယ်။ နောက်တစ်နေ့မှာ သူတို့ထပ်ပြီး အံ့သြစေတာကတော့၊ ကဲန်ဟာ သူ့အိတ်ထဲက ကျမ်းစာအုပ်ကိုထုတ်ပြလိုက်ခြင်းပါပဲ။ ပြောရင်းဆိုရင်းနဲ့ ဘရူနိုဟာပါစတာတစ်ယောက်ဖြစ်ကြောင်းသိလာတော့၊ ကဲန်က သူ့ကို ကျမ်းစာသင်ပေးဖို့ကမ်းလှမ်းလာပါတယ်။ နှစ်ယောက်သား အပြန်အလှန်သင်ကြားရင်း လေ့လာရင်းနဲ့ နောက်ဆုံးတော့ "ကဲန်" ဆို့မိသားစုလည်းနှစ်ခြင်းမင်္ဂလာခံယူလိုက်ပါတယ်။

***တောင်းဆိုချက်***။ ။ ဘရူနိုနဲ့ နတ်တလီယာတို့ ဇနီးမောင်နှံဟာ ပထမတန်းစားသာသနာပြုလုပ်ငန်းမှာ ပါဝင်နေကြပါတယ်။ အရှေ့အလယ်ပိုင်းဒေသရှိအသင်းတော်ရဲ့ ပြင်ပတက္ကသိုလ်တွေမှာ သင်ကြားမှုတွေပြုနေပါတယ်။ သခင်ယေရှုရဲ့နည်းလမ်းအတိုင်း လူအများနဲ့ထိတွေ့ မိတ်ဖွဲ့ခြင်း၊ ခင်မင်မှုယုံကြည်မှုရယူခြင်း၊ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခြင်းတို့ဖြင့် အခွင့်အခါသင့်တဲ့အခါ ဝိညာဉ်များကို ခရစ်တော်ထံပို့ဆောင်နေကြပါတယ်။ ကျွန်ုပ်တို့ပေးလှူလိုက်တဲ့ အလှူငွေတွေဟာ အရှေ့အလယ်ပိုင်းဒေသမြောက်အာဖရိကသာသနာကိုထောက်ပံ့ကူညီသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၁၃)

မတ်လ (၃၀) ရက်၊ ၂၀၂၄

## ကမ္ဘာအရပ်ရပ်သို့သွားပါ

*"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယောဟန် ၃း၁၆)။*

ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ လူမျက်နှာကိုရွေးတာမျိုး၊ မလိုသူအပေါ်မသက်ရောက်တာမျိုးမရှိပါဘူး။ လူသားတိုင်းကိုအကြောင်းမဲ့မေတ္တာနဲ့ ချစ်ပါတယ်။ ရွေးနှုတ်ကယ်တင်ခြင်းအပြင် လူတိုင်းကိုပေးသလို သူ့မေတ္တာမရောက်နိုင်တဲ့နေရာရယ်လို့ မရှိပါဘူး။

ကပ်တိုင်ပေါ်မှာရိုက်ထားခြင်းခံရစဉ်မှာ  လူသားတိုင်းရဲ့ကယ်တင်ခြင်းအကြောင်းကိုပဲ အာရုံပြုခဲ့ပါတယ်။ ဘုရားသခင်မှာတစ်ကမ္ဘာလုံးဆိုင်ရာလူသားများ၊ တစ်ကမ္ဘာလုံးဆိုင်ရာသတင်းစကားနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာအမှုတော်လုပ်ငန်းပဲ ရှိပါတယ်။ ထိုနည်းတူစွာ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေဟာလည်း တစ်ကမ္ဘာလုံးဆိုင်ရာကိုရည်ရွယ်တဲ့စီးဆင်းမှုဖြစ်ပါတယ်။ မိမိတို့ဌာနေအသင်းတော်အတွင်းမှာသာ သုံးစွဲတာမဟုတ်ဘဲ၊ "လောကီနိုင်ငံအရပ်ရပ်တို့၌ဟောရလိမ့်မည်" ဆိုတဲ့မိန့်ဆိုချက်အတိုင်းပြည့်စုံစေရမှာဖြစ်သလို၊ နယ်ပယ်တိုင်းမှပါဝင်မှုဟာ ကမ္ဘာတစ်ဝှမ်းလုံးနဲ့သက်ဆိုင်ကြောင်း ဖော်ပြပါတယ်။

ဆယ်ဖို့တစ်ဖို့နဲ့ အလှူငွေများဟာ ကမ္ဘာလုံးဆိုင်ရာကယ်တင်ခြင်းလုပ်ငန်းရဲ့အစိတ်အပိုင်းတစ်ခုဖြစ်သည့် အားလျော်စွာ၊ ၎င်းတို့သည် ကမ္ဘာကိုပတ်လျက်အသင်းတော်ရဲ့ ထားရှိတဲ့ပန်းတိုင်ဆီသို့ ဘုရားသခင်ပို့ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ကတိပြုတဲ့အလှူငွေများကို ပုံမှန်နဲ့စနစ်တကျထားရှိကာ အကြံပြုထားတဲ့ စုပေါင်းအလှူငွေ (Combined offering plan) 50%-60%ဟာ သင့်ရဲ့နယ်ခံအသင်းတော်လုပ်ငန်းအတွက်နဲ့ ၂၀%-၃၀% ကယူနီယံကိုသော်လည်းကောင်း၊ ကျန် ၂၀%က ကမ္ဘာ့သာသနာလုပ်ငန်းမှာ ပါဝင်မှာဖြစ်ပါတယ်။

***တောင်းဆိုချက်။*** ။ သစ္စာရှိစွာလုပ်ဆောင်လျက် ဘုရားသခင်ရဲ့အမှုတော်လျင်မြန်စွာပြီးမြောက်စေပါ။

-၀-

# ဥပုသ်အပတ်စဉ် (၁၄)
## ဧပြီလ (၆)ရက်၊ ၂၀၂၄
## ဇေံဂေလိသတင်းစကားအားဖြင့်ဆွဲယူခြင်း

***"အိုထာဝရဘုရား အကျွန်ုပ်၏အနာကိုငြိမ်းစေတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်သည်အနာငြိမ်းပါလိမ့်မည်။ အကျွန်ုပ်ကိုကယ်တင်တော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်ပါလိမ့်မည်။ ကိုယ်တော်သည် အကျွန်ုပ်ချီးမွမ်းဖွယ်ရာဖြစ်တော်မူ၏" (ယေရမိ ၁၇း၁၄)။***

၂၀၁၆ ခုနှစ်တုန်းက တစ်ကမ္ဘာလုံးရှိမြော်လင့်ခြင်းအသင်းတော်ရဲ့စုပေါင်းအလှူငွေဟာ နယူးဇီလန်သို့ရောက်ရှိသွားပါတယ်။ ထိုနယ်ပယ်အသင်းတော်မှ သူတို့တိုင်းပြည်မှာ ဟုပ်ချဲနယ်လ်လိုင်းကို လွတ်လပ်စွာခံယူထုတ်လွှင့်နိုင်ဖို့ ကြီးမားတဲ့အိပ်မက်တစ်ခုရှိပါတယ်။ ထိုအလှူငွေကိုရရှိတဲ့အတွက် သူတို့ရဲ့အိပ်မက်အတိုင်းဖြစ်ပေါ်လာပါတယ်။ ဒီကနေ့ လူဦးရေ ၁၇၀၀၀၀ ကကြည့်ရှုနေကြပြီး၊ လူပေါင်းရာနဲ့ချီပြီး သတ္တမနေ့ဥပုသ်အသင်းတော်ဘုရားကျောင်းသို့ တက်ရောက်ခဲ့ကြပါတယ်။ "အဲဒါလိဒ်" ဆိုတဲ့အမျိုးသမီးလည်းအပါအဝင်ဖြစ်ပြီး၊ ထိုဟုပ်ချဲနယ်လ်အားဖြင့် သူ့အသက်တာ ပြောင်းလဲလာခဲ့ပါတယ်။

၂၀၁၁ မှာ ခင်ပွန်းသည်ဆုံးသွားပြီးနောက်ပိုင်း၊ "အဲဒါလိဒ်" ဘဝကလုံးဝအမှောင်ကျသွားပါတယ်။ နောက်သုံးနှစ်ကြာပြီးနောက်၊ သူ့ရဲ့ဖခင်ကြီးလည်း ဆုံးပါးသွားပြန်တယ်။ သူ့ဘဝရဲ့ဘယ်နေရာမှာ ဘုရားသခင်ရှိသလဲလို့ မေးခွန်းထုတ်ခဲ့မိပါတယ်။

တစ်နေ့သောအခါမှာ "တီဗွီချဲနာလ်" တစ်ခုပြီးတစ်ခုရွှေ့ပြောင်းနေရင်း "ဟုပ်ချဲနာလ်" ကိုချိတ်မိပါတယ်။ သေခြင်းနဲ့ပတ်သက်တဲ့သဘောတရားကို သိလာရတဲ့အခါစိတ်ငြိမ်သက်မှုကိုရရှိလာပြီး သူနဲ့သူ့မိသားစုတွေ ဘုရားကျောင်းကိုပုံမှန်တက်လာပြီး၊ ခရစ်တော်ပြန်ကြွလာမယ့်နေ့ရက်အတွက် ပြင်ဆင်နေကြပါပြီ။

ကျွန်ုပ်တို့ရဲ့ကတိထားတဲ့အလှူ(Combined offering) တစ်စိတ်တစ်ပိုင်းဟာ "ဟုပ်ချဲနာလ်" ကိုထောက်ပံ့ပြီး၊ ကမ္ဘာတစ်ဝှမ်းရှိထောင်ပေါင်းများစွာသော သူတို့ထံသို့ ကယ်တင်ခြင်းသတင်းစကားကိုပို့ဆောင်သွားမှာဖြစ်ပါတယ်။

***တောင်းဆိုချက်။*** ။ ကမ္ဘာ့ဌာနချုပ်သို့ရောက်ရှိလာတဲ့ နယ်အသီးသီးမှတစ်ဆင့်ဒီဗီဇံများမှ စုပေါင်းအလှူငွေ (Combined offering) များကိုသာသနာ့စီမံကိန်းများအတွက် ပြန်လည်ခွဲဝေပေးနေပါတယ်။ ယနေ့ သင့်အလှူငွေများဟာ ဟုပ်ချဲနာလ် အတွက်လည်း ပါဝင်သွားမှာဖြစ်တဲ့အတွက်၊ အားတက်သရောထည့်ဝင်ရန်တိုက်တွန်းအားပေးပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၁၅)
## ဧပြီလ (၁၃) ရက်၊ ၂၀၂၄
## သစ္စာစောင့်ခြင်း၏ အဓိကရည်ရွယ်ချက်

*“ငါ့သား၊သင့်နှလုံးကိုငါ့အားပေးလော့။ သင့်မျက်စိတို့သည်ငါသွားသောလမ်းကိုကြည့်မှတ်ပါစေ” (သုတ္တံ ၂၃း၂၆)။*

ဒီနေ့ကျမ်းပိုဒ်ဟာ ဘုရားသခင်ရဲ့အကြီးမားဆုံးသော စိတ်ဝင်စားမှုကိုဖော်ပြနေပါတယ်။ အပြစ်ကြောင့် သူနဲ့ဝေးကွာသွားတဲ့နှလုံးသားတွေ သူ့ဆီပြန်လှည့်လာဖို့ အလိုတော်ရှိပါတယ်။ ဤသို့ပြန်လှည့်လာခြင်းကို “အကျင့်စာရိတ္တပြောင်းလဲခြင်း” လို့ ခေါ်ပါတယ်။

သစ္စာရှိခြင်းရဲ့ မှန်ကန်သောရည်ရွယ်ချက်ဟာ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲမှာစိုးမိုးနေတဲ့ သဘောထားကိုဖော်ပြနေခြင်းဖြစ်ပါတယ်။ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကို “အသုံးပြုခြင်း” နဲ့၊ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကိုဆက်ကပ်ရခြင်းရဲ့ ရည်ရွယ်ချက်ဟာ လုံးဝခြားနားပါတယ်။ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကို ဘုရားသခင်ရဲ့အမှုတော်တိုးတက်အောင်မြင်ဖို့ အသုံးပြုပြီး၊ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကိုပြန်လည်ပေးအပ်ခြင်းဟာ ကျွန်ုပ်တို့ရဲ့စိတ်သဘောထား စာရိတ္တကို မြင့်မြတ်ကောင်းမွန်လာစေခြင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ဆက်ကပ်ပူဇော်ခြင်းပေးလှူခြင်းမှာငွေရေးကြေးရေးကထူးခြားမှုဖြစ်စေတာမဟုတ်ဘဲ၊ ဘယ်အရပ်မှာ ကျွန်ုပ်တို့၏ဘဏ္ဍာ ကိုသိုထားခြင်းကသာ ထူးခြားမှု/ပြောင်းလဲမှုကိုဖြစ်စေခြင်းပါပဲ။ ထို့ကြောင့် ကျွန်ုပ်သစ္စာရှိခြင်းသည် တစ်စုံတစ်ခုကို ကျွန်ုပ်ပြန်လည်ရရှိမည်ဖြစ်သောကြောင့်မဟုတ်၊ ဘုရားသခင်၏ အမှုတော်သည် ကျွန်ုပ်အပေါ်မှာမူတည်နေခြင်းကြောင့်လည်းမဟုတ်ပါ။ ကျွန်ုပ်၏အသက်တာ/စာရိတ္တကိုပြောင်းလဲစေသောသစ္စာရှိခြင်း၏ကဏ္ဍကိုနားလည်သဘောပေါက်ခြင်းကြောင့်သာဖြစ်ပါသည်။

***တောင်းဆိုချက်***။ ။စာရိတ္တတည်ဆောက်ခြင်းနှင့်ပြောင်းလဲခြင်းတို့မှာအရေးပါတဲ့သစ္စာရှိခြင်းကိုနားလည်သဘောပေါက်ဖို့ရန်ဘုရားသခင်ထံဆုတောင်းပါ။ သင့်ဘဝအသက်တာ၏ ရပ်တည်မှုတွင် ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေကို လိုအပ်သူတို့အားမစခြင်းအပါအဝင်၊ ကဏ္ဍတိုင်း၌ သစ္စာရှိရန် ဘုရားရှင်ထံတောင်းလျှောက်ပါ။

-ဝ-

# ဥပုသ်အပတ်စဉ် (၁၆)
## ဧပြီလ (၂၀)ရက်၊ ၂၀၂၄
## မည်သည့်အလှူငွေက ပို၍အကျိုးသက်ရောက်ပါသလဲ

*"သင်သည်ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့" (သုတ္တံ ၃း၉)။*

သင်နှစ်ခြင်းမင်္ဂလာခံယူခဲ့တဲ့နေ့ကိုပြန်မှတ်မိပါသလား။ အမှန်တကယ်ပျော်ရွှင်ပြီး ဘုရားသခင်အမှုတော်အတွက် စိတ်အားထက်သန်နေမှာပါပဲ။ "မာကို" ဆိုတဲ့လူငယ်လေးလည်းဒီအတိုင်းပါပဲ။ သူ့အသက်၁၉နှစ်အရွယ်မှာနှစ်ခြင်းခံယူခဲ့ပါတယ်။ ထိုနေ့မှစပြီး ဘုရားသခင်ရဲ့အမှုတော်ကို စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်လုပ်ဆောင်ဖို့ စိတ်ဆုံးဖြတ်ထားခဲ့ပါတယ်။

ပုံမှန်အလှူငွေထည့်ဝင်ခြင်းနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာအခြေခံသောစံနစ်ကို ဤကဲ့သို့ဝေငှပါတယ်။

၁။ မှန်မှန်ဆက်ကပ်ခြင်း - ဝင်ငွေရှိသလောက်မှန်မှန်ကန်ထည့်ဝင်ခြင်းဖြစ်ပါတယ်။
၂။ အချိုးကျဆက်ကပ်ခြင်း - ထည့်ဝင်သူမှရာခိုင်နှုန်းကိုသတ်မှတ်ခြင်းဖြစ်ပါတယ်။
၃။ တစ်ကမ္ဘာလုံးဆိုင်ရာအမြင် - မိမိကိုယ်တိုင်နေရင်းဒေသအတွက်သာမဟုတ်ဘဲ၊သာသနာပြုစိတ်ဓာတ်နှင့်၊ထိုစိတ်ဓာတ်အားဖြင့် ကျွန်ုပ်ရဲ့အလှူငွေဟာ ကမ္ဘာတစ်ဝှမ်းလုံးအတွက်ထားရှိတဲ့ ကယ်တင်ခြင်းစီမံကိန်းထဲမှာပါဝင်အားထုတ်ခြင်းဖြစ်ပါတယ်။ တစ်ယောက်စီတိုင်းရဲ့အလှူငွေဟာတစ်ကမ္ဘာလုံးဆီသို့ရောက်ရှိသွားဖို့ ဤစုပေါင်းအလှူငွေစံနစ် (Combined offering plan) ကိုချမှတ်ခြင်းဖြစ်ပါတယ်။

ဤစံနစ်အတိုင်း စုပေါင်းအလှူငွေ၏ ၅၀မှ၆၀%ဤနယ်ခံအသင်းတော် local အတွက်၊၂၀မှ၃၀%က ယူနီယံနဲ့ ဒီဗီဇံအတွက်ဖြစ်ပြီး၊ ကျန်၂၀% ကအပြည်ပြည်ဆိုင်ရာအသင်းတော်များအတွက် ကမ္ဘာ့ဌာနချုပ်သို့ရောက်ရှိသွားမှာဖြစ်ပါတယ်။

ယခုဤစံနစ်ကို ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ုပ်တို့အသင်းသားဦးရေ၏၉၀%ကျော်ကကျင့်သုံးနေပါတယ်။ ထို့ကြောင့် ယနေ့ကျွန်ုပ်တို့နယ်ခံ ဤအသင်းတော်ရဲ့ဆက်ကပ်မှုဟာ ကမ္ဘာတစ်ဝှမ်းလုံးကို ရောက်ရှိသွားဖို့ အလိုအလျောက် ပါဝင်သွားပြီဖြစ်ပါတယ်။

***တောင်းဆိုချက်။*** ။ ဤဆုံးဖြတ်ချက်ဟာ ကျွန်ုပ်အဖို့နောက်ဆုံးနှင့်ဘုရားသခင်အဖို့ပထမဦးဆုံးဖြစ်စေရမယ်ဆိုတဲ့ကတိဝန်ခံချက်ကို အခိုင်အမာပြုခြင်းဖြစ်ပါတယ်။

-၀-

# ဥပုသ်အပတ်စဉ်(၁၇)
## ဧပြီလ(၂၇)ရက်၊ ၂၀၂၄
## ကျွန်ုပ်၏အလှူငွေမည်မျှပါဝင်ရမည်နည်း

*“ငါအမှန်ဆိုသည်ကား ဘဏ္ဍာတိုက်ထဲသို့သွင်းချသောသူအပေါင်းတို့ထက် ထိုဆင်းရဲသောမုဆိုးမသည်သာ၍သွင်းချခဲ့ပြီ။ အကြောင်းမူကားထိုသူအပေါင်းတို့သည် မိမိတို့ကြွယ်ဝသောစည်းစိမ်ထဲကနုတ်၍ သွင်းချကြ၏။ ထိုမိန်းမမူကားအလွန်ဆင်းရဲလျက်ပင်၊မိမိအသက်မွေးစရာဥစ္စာရှိသမျှကို သွင်းချလေပြီ” (မာကု ၁၂း၄၃၊၄၄)။*

ဆင်းရဲတဲ့ထိုမုဆိုးမဟာ ဆုံးဖြတ်ချက်နှစ်ခုနဲ့သူ့အလှူငွေကို ဗိမာန်တော်သို့ယူဆောင်လာခဲ့ပါတယ်။

**ပထမက-** ကြီးမားတဲ့ဆက်ကပ်မှုဖြင့်ပါဝင်ရန်၊

**ဒုတိယက-** သူထည့်ဝင်ရမည့်ရာခိုင်နှုန်းအတွက်ဖြစ်ပါတယ်။

ဘယ်လိုသိရပါသလဲ? သခင်ယေရှုပြောပါ တယ် “အခြားသောသူအပေါင်းတို့ထက် ထိုဆင်းရဲသော မုဆိုးမသည် သာ၍သွင်းချခဲ့ပြီ။”

အကယ်၍အရေအတွက်ကိုသာစံနှုန်းထားခဲ့ရင်၊ သူ့ရဲ့အလှူဒင်္ဂါးနှစ်ပြားက အခြားသူတွေထက်ဘယ်လိုလုပ်သာနိုင်မှာလဲ။ ငွေရတတ်သောသူအများတို့သည် များစွာသွင်းချကြပြီပဲ။ သခင်ယေရှုပြောတဲ့စံနှုန်းက အရေအတွက်မဟုတ်ဘဲ၊ရာခိုင်နှုန်းကိုစံထားခြင်း ဖြစ်ပါတယ်။ သူ့ရဲ့ဆက်ကပ်ခြင်းက ၁၀၀%ပြည့်ဖြစ်ပါတယ်။

ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်ကသတ်မှတ်တာဖြစ်ပြီး၊ အလှူငွေ(ပူဇော်သက္ကာ)ကတော့ဝတ်ပြုသူရဲ့ လွတ်လပ်သောဆန္ဒသာဖြစ်ပါတယ်။ (တရား ၁၆း၁၇)ထဲမှာ“သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသဖြင့်၊ လူအသီးသီးတို့သည်တတ်နိုင်သည့်အတိုင်းဆက်ရကြမည်” လို့ဖော်ပြထားပါတယ်။

တတ်နိုင်သည်အတိုင်းအဆကိုသတိထားမိပါရဲ့လား။ ပုံမှန်ဖြစ်သည်အတိုင်းဘုရားသခင်ထံမှခံစားရရှိတဲ့ ကောင်းကြီးမင်္ဂလာအလျောက်လို့ သက်ရောက်ပါတယ်။

***တောင်းဆိုချက်။*** ။ ယနေ့သင်ဆုတောင်းလျက် သင်၏အလှူငွေရာခိုင်နှုန်းကိုသတ်မှတ်ပါ။ သတ်မှတ်ထားပြီးသားဖြစ်ခဲ့လျှင် မမေ့ဘို့ရန်မိမိကိုယ်ကိုပြန်သတိပေးပါ။ ဤနည်းအားဖြင့် မိမိဆန္ဒကို နောက်ဆုံးထားပြီး ဘုရားသခင်ကိုပထမနေရာမှာ ထားလိုက်ပါ။

-၀-

# ဥပုသ်အပတ်စဉ် (၁၈)

မေလ(၄)ရက်၊ ၂၀၂၄

# သားသမီးတွေမှာစားစရာရှိစေဖို့ (ADRA)

*"ငါသည်အဝတ်ချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည်အနာရောဂါစွဲသောအခါ သင်တို့သည်ကြည့်ရှုပြုစုကြ၏။ ငါသည်ထောင်ထဲမှာ နေရသောအခါသင်တို့သည်ငါ့ထံသို့လာကြ၏" (မဿဲ ၂၅း၃၆)။*

နာဒိရဆိုသူ အသက်(၄၀)ရှိ ကလေး၆ယောက်အမေဟာ၊ လွန်ခဲ့တဲ့၂ နှစ်တာ ယောကျ်ားစွန့်ပစ်ထားခြင်းခံရသောအချိန်ကစပြီး ခက်ခဲစွာ ရုန်းကန်လာခဲ့ရပါတယ်။ သူ့အတွက်အရေးကြီးဆုံးက သူ့သားသမီးတွေစားစရာ ရှိဖို့ပါပဲ။

၂၀၁၁ ခုနှစ်ကစပြီး ကင်ညာနိုင်ငံမှာ အစာရေစာငတ်မွတ်ခေါင်းခြင်းဘေးကို ဆိုးရွားစွာရင်ဆိုင်ခဲ့ရပါတယ်။ ကြာမြင့်စွာ မိုးနည်းရေရှားခြင်းနဲ့အကြမ်းဖက်မှုတွေများ ပြားလာသည့်အလျောက် လုပ်ငန်းတွေရပ်တန့်ပြီး၊ ထွန်ယက်စိုက်ပျိုးခြင်းမှာလည်း ခက်ခဲနေပါတယ်။ လှည့်လည်တောင်းစားရတဲ့ အခြေအနေရောက်လာတဲ့အခါ နာဒိရမှာ ကလေးတွေစားရသောက်ရဖို့အရေး သူများဥစ္စာခိုးယူချင်လောက်အောင် စုံစမ်းခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် သူခိုးသားရမယ် မဟုတ်ရင် ဘဝကအခိပ္ပါယ်ကင်းမဲ့သွားမှာသူ သိတယ်။

အခက်ခဲဆုံးအချိန်မှာ အာဒရာလုပ်ငန်းကြောင့် နာဒိရအတွက် မျှော်လင့်ချက် ရှိလာခဲ့ပါတယ်။ ထိုနည်းတူ အနီးပတ်ဝန်းကျင်ရှိအခြားသူတွေလည်း ခိုလှုံရာရရှိခဲ့ပါတယ်။ အုပ်ချုပ်ရေးလူကြီးတွေလည်း မိမိတို့နယ်မြေရှိလူတွေအတွက် အစာရေစာနဲ့ အလုပ်အကိုင်တွေဖန်တီးပေးတဲ့အတွက် အာဒရာကင်ညာကို ကျေးဇူးတင်နေကြပါတယ်။

***တောင်းဆိုချက်။*** ။ အာဒရာလို့ခေါ်တဲ့ "မျှော်လင့်ခြင်းဖွံ့ဖြိုးရေးနှင့်ကယ်ဆယ်ရေးကိုယ်စားလှယ်" လုပ်ငန်းဟာ၊ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ရဲ့ ကမ္ဘာလုံးဆိုင်ရာ လူမှုရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်ပြီး၊ နိုင်ငံပေါင်း (၁၃၀) ကျော်ရှိလူထုရဲ့ဆင်းရဲနွမ်းပါးမှုတွေကို ပံ့ပိုးကူညီနေပါတယ်။ အခြေအနေအရမဟုတ်တဲ့ သခင်ယေရှုရဲ့မေတ္တာကို ကိုယ်စားပြုနေပါတယ်။ သင့်ရဲ့အလှူအားဖြင့် ဤစီမံကိန်း၌ရက်ရောစွာပါဝင်ဖို့ တောင်းဆိုပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၁၉)

မေလ(၁၁)ရက်၊ ၂၀၂၄

## ငွေကြေးကိစ္စစီမံခြင်း

*"လက်ဝါးချင်းရိုက်သောလူစုနှင့်သူ့ကြွေးကိုအာမခံသောလူစုထဲသို့မ ဝင်နှင့်" သုတ္တံ ၂၂း၃၆)။*

တင်းတိမ်ရောင့်ရဲခြင်းဆိုတာ ကိုယ်လိုချင်တာကိုရရှိလိုက်ခြင်းကြောင့်မဟုတ်ဘဲ၊ ကိုယ့်မှာရှိနေတဲ့ ဥစ္စာကဘယ်လောက်အကျိုးပြုသလဲဆိုတာကို သဘောပေါက်နားလည်ခြင်းဖြစ်ပါတယ်။ တနည်းအားဖြင့်၊ ဖြစ်ချင်တာအားလုံးပြည့်စုံနေလို့ စိတ်ကျေနပ်တာမဟုတ်ဘဲ ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာအတွက် ကျေးဇူးတင်ခြင်းကြောင့်ဖြစ်ပါတယ်။

လူတွေဟာ ကိုယ့်မှာဘယ် လောက်ရှိရှိ ဘယ်တော့မှမရောင့်ရဲနိုင်တဲ့ သဘောကိုဖော်ပြနေပါတယ်။ အခုထက်နဲနဲပိုရှိရင် အဆင်ပြေမှာပဲလို့ ထင်သော်လည်း၊ တကယ်တမ်းတော့ ပိုပြီးရလာလေ ပိုလိုချင်လာလေပါပဲ။ တော်ပြီဆိုတာမရှိနိုင်တဲ့လောဘရဲ့သဘောဖြစ်ပါတယ်။

ထိုအတွက် ငွေကြေးကိစ္စစီမံတတ်ဘို့ အကြံပြုချက်များရှိပါတယ်။

***အဆင့် ၁*** - ကျွန်ုပ်ရဲ့ပိုက်ဆံဘယ်ကိုသွားမှာလဲ။ သင့်ရဲ့လစဉ်ကုန်ကျစရိတ်ကိုတွက်ချက်ပါ။ အတန်းအစားသုံးမျိုးထားပါ။ (၁) မဖြစ်မနေထားရမယ့်ဘတ်ဂျက်၊ ဥပမာ-ဆယ်ဖို့တစ်ဖို့အလှူငွေ၊ ပေးရမည့်အခွံအကောက်၊အကြွေးစသည်ဖြင့် (၂)အထွေထွေစရိတ် အစားအစာ၊ရေမီး၊ဆေးဝါးစရိတ် (၃)အရေးမကြီးသောစရိတ်များ -ခရီးသွားခြင်း၊ အပန်းဖြေခြင်း၊ စိတ်ဖျော်ဖြေခြင်းများ (တေးဂီတ၊မီဒီယာဆိုင်ရာပစ္စည်းများ) အတွက် သတ်မှတ်ထားပါ။

***အဆင့် ၂*** - ကျွန်ုပ်၏ရည်မှန်းချက်များကဘာတွေလဲ။ အကြွေးဆပ်ဖို့ရှိသလား၊ တစ်စုံတစ်ခုဝယ်ဖို့၊ သို့မဟုတ် စီမံကိန်းတစ်ခုခုအတွက်ငွေစုမလား။ ပန်းတုန်းတိုင်ထားပါ။ သင့်ရဲ့လစဉ်ဘတ်ဂျက်ထဲမှာ ထိုအရာအတွက်ဖယ်ထားပါ။

***အဆင့် ၃*** - ဝင်ငွေနဲ့ထွက် ငွေကိုနှိုင်းယှဉ်ကြည့်ပါ။ ထွက်ငွေထက်ဝင်ငွေများရင်ကောင်းတယ်၊အကယ်၍ထွက် ငွေကပိုများမယ်ဆိုရင်အဆင့် ၁ကိုပြန်သွားပါ။ သတ်မှတ်ထားတဲ့အရာထဲကပြောင်းလဲ လို့ရနိုင်တာကို ပြန်ညှိပါ။

***တောင်းဆိုချက်။*** ။ ထိုစည်းကမ်းအတိုင်းလိုက်လျှောက်လုပ်ဆောင်ပြီးသင်ထားရှိသော ရည်ရွယ်ချက်ပြီးစေပါ။ သိရှိလာတဲ့နည်းလမ်းအတိုင်း မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် ဘုရားသခင်ထံဆုတောင်းပါ။

-၀-

# ဥပုသ်အပတ်စဉ် (၂၀)
## မေလ (၁၈)ရက်၊၂၀၂၄
## ကောင်းကင်သို့ဦးတည်ပါ

*"ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကိုမကိုးစားဘဲ ငါတို့ခံစားဘို့ရာအလုံးစုံတို့ကို ကြွယ်ဝစွာပေးသနားတော်မူသော၊အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့်၊သူတစ်ပါးအားကျေးဇူးပြုခြင်း၊ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊အချင်းချင်းဆက်ဆံခြင်း၊မှန်သောအသက်ကိုဝင်စားလိုသော၄ါ၊ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ဆည်းပူးခြင်းတို့ကို ပြုရမည်အကြောင်းပညတ်ထားလော့" (၁တိ ၆း၁၇-၁၉)။*

နာမည်ကျော်တရားဟောဆရာကြီး ဂျော့ရ်ှအာယူထရု ဟာအလွန်ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်ရဲ့နေအိမ်သို့ဖိတ်ကြားခြင်း ခံခဲ့ရပါတယ်။ စားသောက်ပြီးတဲ့အခါ အိမ်ရှင်ကဆရာကြီးကိုအိမ်အပေါ်ထပ်မြင်ကွင်းကျယ်သို့ ခေါ်သွားပါတယ်။ ပတ်ဝန်းကျင်ကိုလက်ညှိုးထိုးပြီး၊ မျက်စိတစ်ဆုံးရှိရေနံတွင်းများ၊တစ်ဖက်ခြမ်းကဝင်းမှည့်နေတဲ့စပါးခင်း၊အရှေ့ဖက်ဆီမှာကျက်စားနေကြတဲ့ ကျွဲနွားတိရစ္ဆာန်အုပ်ကြီး၊အနောက်ဖက်ဆီမှာ စီစီရီရီနဲ့လှပထူတပ်တဲ့သစ်တောအုပ်ကြီး၊ အရပ်ရပ်ဆီကသူ့ရဲ့ပိုင်ဆိုင်မှုတွေကိုပြပြီး "ဒါတွေအားလုံးကျွန်တော်ပိုင်ဆိုင်တဲ့ဥစ္စာတွေချည်းပဲ" လို့ဝင့်ကြွားပြောဆိုပြီး ဆရာကြီးရဲ့ချီးမွမ်းကောင်းကြီးပေးမယ့် စကားကို နားစွင့်နေခဲ့ပါတယ်။

ဆရာကြီးက သူ့ရဲ့လက်ကို ထိုသူဌေးရဲ့ပခုံးပေါ်တင်ပြီး မိုးကောင်းကင်သို့လက်ကိုညွှန်လျက်. . "ထိုအရပ်မှာသင်ဘယ်လောက်စုဆောင်းထားပြီလဲ" လို့ရိုးရိုးလေးမေးလိုက်တဲ့အခါမှာ ထိုသူဌေးကခေါင်းကိုငုံ့လျက် "ကျွန်တော်တစ်ခါမှမစဉ်းစားခဲ့မိပါဘူးဗျာ" လို့ပဲ ပြန်ဖြေနိုင်ခဲ့ပါတယ်။

ဖတ်သွားတဲ့ကျမ်းပိုဒ်ထဲမှာ ရှင်ပေါလုကကျွန်ုပ်တို့ရဲ့ပိုင်ဆိုင်မှုတွေမှန်ကန်တဲ့နေရာမှာထားရှိခြင်းနဲ့ သူတပါးအတွက် ကောင်းကြီးဖြစ်ရန်တိုက်တွန်းအားပေးပါတယ်။

("ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်" ထဲမှာအီးဂျီဝိုက်ကလည်း - "စာတန်ကလောကီဘဏ္ဍာများကိုအသုံးပြုပြီး ဝိညာဉ်များပျက်စီးခြင်းထဲရောက်ဖို့ရန် လှည့်ဖျားသိမ်းသွင်းလျက်ရှိသည်။)"

***တောင်းဆိုချက်***။ ။ ကျွန်ုပ်တို့၏စစ်မှန်သောကြွယ်ဝခြင်းသည် ကောင်းကင်၌သာတည်ရှိကြောင်း ဘယ်တော့မှမမေ့ပါနှင့်။

-၀-

# ဥပုသ်အပတ်စဉ်(၂၁)

## မေလ(၂၅)ရက်၊ ၂၀၂၄

## သေးငယ်သောအစပြုခြင်းတို့၏ဘုရား

*"လူများသော်လည်းကောင်း၊နည်းသော်လည်းကောင်းထာဝရဘုရားကယ် တင်တော်မူခြင်းကို အဆီးအတားမရှိနိုင်. . " (၁ရာ ၁၄း၆)။*

ဘုရားသခင်ကို ကိုးစားခြင်းနဲ့ ပထမဦးစားပေးနေရာမှာထားခြင်းဟာအခက်အခဲတွေရင်ဆိုင်ရတဲ့အချိန်တိုင်းမှာ၊ ထူးခြားမှုတွေ ဖြစ်ပေါ်စေပါတယ်။ ဘရာဇီးလ်မြောက်ပိုင်းမှာနေတဲ့ အယ်ဒီနီးလ်နဲ့ရို့စ်တို့ ဇနီးမောင်နှံအတွက် တကယ်လက်တွေ့ဖြစ်ပါတယ်။

ဒီဇနီးမောင်နှံဟာ သူတို့ရဲ့နယ်မြေထဲမှာရှိတဲ့ စူပါမားကက်လေးဆီသို့ရေခဲစိမ်ပစ္စည်းတွေကို သူတို့ရဲ့ထရပ်ကားလေးနဲ့ပို့ပေးတဲ့ အလုပ်ကိုလုပ်ပါတယ်။ သူတို့မှာသုံးကြိမ်လောက်အလုအယက်ခံခဲ့ရပါတယ်။ နောက်ဆုံးတော့ လက်ထဲမှာပိုက်ဆံငါးဒေါ်လာသာကျန်တော့တဲ့အဖြစ်ကို ရောက်သွားပါတယ်။ ဒီပိုက်ဆံလေးနဲ့ဘာလုပ်လို့ရမှာလဲ။ အကြွေးတော်တော်လေးတက်လာပါတယ်။

သူတို့ ဒူးထောက်ဆုတောင်းခဲ့ပါတယ်။ ဘာဘဲဖြစ်ဖြစ် သူတို့ဟာ ဘုရားကိုအမြဲဦးထိပ်ထားခဲ့တယ်။ ပိုက်ဆံငါးဒေါ်လာလေးနဲ့ပေါင်မုန့်ဖုတ်ရတဲ့ ကုန်ကြမ်းပစ္စည်းနဲ့ဂျုံမှုန့်ဝယ်ပြီး၊ ပေါင်မုန့်လုပ်ရောင်းခဲ့တယ်။ ထိုသေးငယ်တဲ့အစပြုခြင်းကနေတစ်စတစ်စနဲ့ အတော်အတန်လေးတိုးချဲ့လာပြီး၊ ကြီးမားတဲ့ ဘုရားသခင်ရဲ့လက်ရုန်းတော်ဖြင့် ပို့ဆောင်ခြင်းခံရပါတယ်။

ဘုရားသခင်ရဲ့ လက်တော်ထဲမှာရှိတဲ့ စီးပွားလုပ်ငန်းကို နည်းလမ်းသုံးသွယ်အားဖြင့်အသိအမှတ်ပြုပါတယ်။

၁။ အခြားညီအကိုမောင်နှမများကိုမစနိုင်ဖို့သူတို့ရဲ့လက်ထဲမှာရှိတဲ့အနည်းငယ်လေးနဲ့အစပြုခြင်း၊

၂။ မြို့ထဲရှိလူအများတို့ကို ကျန်းမာအသက်ရှင်နည်းကိုဝေငှခြင်းနဲ့

၃။ ကုမ္ပဏီရဲ့အမြတ်အစွန်းထဲမှဆယ်ဖို့တစ်ဖို့နဲ့ အခြား၁၅%ကိုသစ္စာရှိစွာ ဆက်ကပ်အပ်နှံခြင်းတို့ဖြစ်ပါတယ်။

***တောင်းဆိုချက်***။ ။"ဘုရားပထမ" - ၄င်းသည်ထိုအောင်မြင်တဲ့ဇနီးမောင်နှံရဲ့လက်စွဲစိတ်ဓာတ်ဖြစ်တယ်။ ယနေ့မျာသူတို့အနေဖြင့် လိုအပ်သမျှအရာခပ်သိမ်းဟာ ကြီးမားတဲ့ဘုရားသခင်ရဲ့ဖြည့်ဆည်းပေးခြင်းသာဖြစ်ကြောင်း သက်သေခံသကဲ့သို့ဖြစ်စေပါ။

-၀-

# ဥပုသ်အပတ်စဉ်(၂၂)

ဇွန်လ(၁)ရက်၊ ၂၀၂၄

# ကမ္ဘာတစ်ဝှမ်းလုံး၌

*"ရက်ပေါင်း ၂၃၀၀ တိုင်တိုင်တည်လိမ့်မည်။ ထိုနောက်သန့်ရှင်းရာဌာနကိုတစ်ဖန်ဆေးကြောသုတ်သင်လိမ့်မည်" (ဒံယေလ ၈း၁၄)။*

ဒံယေ(၈)မှာ အံ့သြဖွယ်အနာဂတ္တိဟောချက်တစ်ခုကို တင်ဆက်ထားပါတယ်။ သမ္မာကျမ်းစာဖော်ပြချက်အရ ထိုဟောကိန်းရဲ့အဆုံးကာလမှာ အဖြစ်အပျက်နှစ်ခု တည်လိမ့်မယ်။ အဲဒါကတော့ ကောင်းကင်မှာသန့်ရှင်းရာဌာနတော်ကိုဆေးကြောမယ်။ ပြီးတော့၊ မြေကြီးပေါ်မှာသမ္မာတရားကို "နင်းချေ" လိမ့်မယ်(ဒံ ၈း၁၃)၊နှစ်ပေါင်း၂၃၀၀ တိုင်အောင်ကြာလိမ့်မယ်။ဒုတိယအချက်ကိုအဓိကထားပြောချင်ပါတယ်။အတိအကျပြောရရင်ထိုအနာဂတ်ဟောချက်ရဲ့အဆုံး၊ ၁၈၄၄ ခုနှစ်မှာ ကွဲပြားတဲ့အသင်းတော်အသီးသီးမှသမ္မာကျမ်းစာကို စေ့ငှသေချာစွာပြန်လည်လေ့လာဖတ်ရှုကြတဲ့အခါမှာငြင်းပယ်ခြင်း၊ မေ့ထားခြင်းခံရတဲ့အမှန်တရားအချို့တို့ကို ပြန်လည်တွေ့ရှိသဘောပေါက်လာခဲ့ပါတယ်။

ဒီအမှန်တရားကြီးနဲ့ ရင်ဆိုင်လာရတဲ့အခါမှာ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ၁၈၆၃ ခု၊ မေလ ၂၀မှ ၂၄အတွင်းမှာ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်း တော်ကမ္ဘာ့ညီလာခံအဖွဲ့ General Conference ကိုစတင်တည်ထောင်ခဲ့ပါတယ်။

ဗျာဒိတ်ကျမ်း ၁၄း၆ မှပဲ့တင်ထပ်သံတွေဟာ "အသီးအသီးဘာသာစကားကို ပြောသော၊လူအမျိုးအနွယ်ခပ်သိမ်းတို့အား" သစ္စာရှိသောကျန်ကြွင်းသူတို့က ကြွေးကြော်ဟောပြောဖို့ရန် တာဝန်ပေးအပ်ခြင်းဖြစ်လာခဲ့ပါတယ်။ ထိုကြောင့်၊ ယခင် Congregationalism ဆိုတဲ့ ဌာနေအသင်းတော်အတွက်ပဲ အာရုံစိုက်တဲ့စံနစ်ကိုထားခဲ့ပြီး ကမ္ဘာအနှံ့ကိုဖြန့်ကျက်တဲ့ Representative စံနစ်အားဖြင့် ဘာသာစကားတိုင်း၊ လူမျိုးစုတိုင်း၊ နိုင်ငံတိုင်းဆီသို့ ပေါက်ရောက်စေရန် အရှိန်အဟုန်နဲ့ လုပ်ဆောင်နေပါတယ်။

***တောင်းဆိုချက်။*** ။ ကမ္ဘာ့ဌာနချုပ်မှချမှတ်သည့်အတိုင်း၊သင်ကိုယ်တိုင်%သတ်မှတ်ကတိပြုထားတဲ့စုပေါင်းအလှူငွေ Combined Offering ကသာသနာပြုလုပ်ငန်းမှာသင့်ဌာနေအသင်းတော်အတွက် ၅၀မှ၆၀%၊သင့်တိုင်းပြည်နယ်အတွက်၂၀မှ၃၀%နှင့်ကမ္ဘာ့ဌာနချုပ်အတွက်၂၀%ဟာ ကမ္ဘာ့သာသနာလုပ်ငန်းရဲပံ့ငွေအဖြစ်နိုင်ငံတိုင်းဆီသို့မျှတစွာပါဝင်လျက်သင်၏ပတ်သက်မှုအတွက်လည်း အားရကျေနပ်နိုင်ပါစေ။

-၀-

# ဥပုသ်အပတ်စဉ် (၂၃)
## ဇွန်လ (၈) ရက်၊ ၂၀၂၄
## သမ္မာကျမ်းစာအခြေပြုသော အလှူငွေများ

*"ဘုရားသခင်သည်ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့်၊ငါတို့သည်ဘုရားသခင်ကိုချစ်ကြ၏" (၁ယော ၄း၁၉)။*

ပေးလှူခြင်းရဲ့တန်ဖိုးကိုတွက်ချက်တဲ့နေရာမှာ လှူဒါန်းတဲ့ပမာဏအတိုင်းအတာကိုပြောတာမဟုတ်ဘဲ ဆက်ကပ်ခြင်းရဲ့အတိုင်းအတာကို ပြောတာဖြစ်ပါတယ်။ တစ်ခါခါ စဉ်းစားမိပါသလား? "ဘုရားရဲ့အမှုတော်အတွက် ငါဆက်ကပ်တယ်ဆိုတာမရှိသေးပါလား" ဆိုပြီး ဖြစ်ဖူးပါသလား။ ပေးစရာရှိတာပေးတာပဲ၊လုပ်စရာရှိတာလုပ်တာပဲ ရည်ရွယ်ချက်အတိအကျနဲ့ အလေးအနက်မရှိတာများဖြစ်နေသလား။

အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်းများစွာအခက်အခဲတွေရင်ဆိုင်ပြီး ကြိုးစားအားထုတ်ခဲ့တဲ့ စကော့တလန်ပြည်သား သာသနာပြုဆရာကြီး အလက်ဇန္ဒားဒပ်ဖ် ဟာအသက်ကြီးရင့်လာပြီဖြစ်သည်အလျောက်၊ နေရင်းတိုင်းပြည်ကိုပြန်လာပြီး မိမိရဲ့မြေမှာပဲခေါင်းချတော့မယ်လို့ဆုံးဖြတ်ခဲ့ပါတယ်။ တစ်နေ့တော့ မိမိရဲ့ဒေသဘုရားကျောင်းမှာတရားလာဟောပြီး၊ အဆုံးပိုင်းမှာ သူနေခဲ့တဲ့နေရာမှာ ဆက်လက်တာဝန်ယူလုပ်ဆောင်မယ့်သူကိုစင်မြင့်ပေါ်မှဖိတ်ခေါ်လိုက်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်မှမတုံ့ပြန်ခဲ့ပါ။ အသက်ကြီးလွန်းတာတစ်ကြောင်းနဲ့ စိတ်အားထက်သန်စွာတရားဟောလိုက်တာကြောင့် မောဟိုက်ပြီး တရားဟောစင်နောက်ဖက်သို့ပြန်လျှောက်ခဲ့ပါတယ်။ ဘုရားကျောင်းတစ်ခုလုံးတိတ်ဆိတ်လို့နေပါတယ်။ နှလုံးအားနည်းသောကြောင့် ဆရာဝန်တားတဲ့ကြားထဲက၊ တရားဟောစင်ပေါ်ကိုတက်လာပြီး ဖိတ်ခေါ်လက်စ စကားနဲ့ ပရိသတ်ကိုစိန်ခေါ်ခဲ့ပါတယ်။ မည်သူမျှမတုံ့ပြန်ကြတော့သည် အဆုံးမှာ၊ "ကျွန်တော်ပဲပြန်သွားပါမယ်။ အနည်းဆုံးတော့ အင်ဒီးယန်းတွေမှာ၊ သူတို့ကိုဂရုစိုက်တဲ့သူတစ်ယောက်တော့ ရှိပါသေးတယ်ဆိုပြီး အားရှိသွားမှာပါ" စကားကို အဆုံးသတ်ပြီး စင်မြင့်ပေါ်ကနေ ပြန်ဆင်းလာခဲ့ပါတယ်။

သူပြန်ဆင်းသွားတဲ့နောက်မှာ တိတ်ဆိတ်နေတဲ့လူအုပ်ထဲမှ လူငယ်တစ်ယောက်က "ကျွန်တော်သွားပါမယ်"။ ထိုနောက် အခြားတစ်ယောက်လည်း"ကျွန်တော်သွားမယ်" လို့ထင်ရှားပီသတဲ့တုံ့ပြန်သံကြီး ထွက်ပေါ်လာခဲ့ပါတယ်။

***တောင်းဆိုချက်။*** ။ ရက်ရောဝမ်းမြောက်သောစိတ်ဖြင့် ဆက်ကပ်ပေးလှူခြင်းသည်၊ လက်ဝါးကပ်တိုင်၏ဆွဲအားနှင့် နေ့စဉ်မှန်ကန်သော ဆက်ဆံရေးကြောင့်ဖြစ်ပါစေ။

-၀-

# ဥပုသ်အပတ်စဉ် (၂၄)
## ဇွန်လ (၁၅) ရက်၊ ၂၀၂၄
## ရောင့်ရဲတတ်ဖို့ သင်ယူပြီ

*"ထိုသို့ငါဆိုသော်၊ ကိုယ်တိုင်ဆင်းရဲခြင်းကို ရည်မှတ်၍ဆိုသည်မဟုတ်။ အကြောင်းမူကား၊ ငါသည်တွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသောစိတ်ရှိအံ့သောငှါသင်မိပြီ။ ရှုတ်ချခြင်းကိုလည်းကောင်း၊ ကြွယ်ဝခြင်းကိုလည်းကောင်း၊ခံတတ်၏။ ဝစွာစားခြင်း၊ မွတ်သိပ်ခြင်း၊စည်းစိမ်ရှိခြင်း၊ ဆင်းရဲခြင်းတို့ကိုခံရအံ့သောငှါ၊အရပ်ရပ်တို့တွင်အရာရာ၌ သင်မိပြီ။ ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၀-၁၃)။*

သမ္မာကျမ်းစာထဲမှ လူသိအများဆုံးနဲ့ခံယူဖို့ အကောင်းဆုံး ကျမ်းပိုဒ်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပုံစံနဲ့အညီ ဘယ်လိုကျေနပ်ရောင့်ရဲတတ်ရမယ်ဆိုတာကို သွန်သင်လမ်းပြပါတယ်။ ဒီနေရာမှာ ရှင်ပေါလုက "ငါချို့ချို့တဲ့တဲ့နေရတာကို ကြိုက်တယ်လို့ပြောတာမဟုတ်ပါဘူး။ ခြိုးခြိုးခြံခြံနေတတ်ဖို့သင်ယူနေတယ်" လို့ပြောနေတာပါ။ ကျပ်တည်းမှုထဲမှာ ဆာလောင်နေရတာကို ကျေနပ်ပါလို့လည်းအကြံမပေးပါဘူး။ သူပြောနေတာက ဘဝမှာအခက်အခဲတွေကြုံတွေ့လာရတဲ့အခါ စိတ်မပျက်ဘဲ ခံယူရပ်တည်နိုင်ဖို့အတွက်ဖြစ်ပါတယ်။

အမှန်အားဖြင့် မိမိမှာရှိသလောက်နဲ့မရောင့်ရဲတတ်ရင်၊ ဘဝရဲ့အခက်အခဲတွေကိုလည်း စိတ်ထားအမှန်နဲ့ခံယူနိုင်မှာ မဟုတ်ပါ။ တနည်းအားဖြင့်ပြောရရင် ကြွေးမြီကင်းအောင်နေရမှာ ဖြစ်ပါတယ်။ ကြွေးမြီရှိခြင်းဟာ စိတ်ဖိစီးမှုကိုဖြစ်စေပါတယ်။

ယနေ့ လူတွေပြောကြတယ်။ "ငါ့မှာရှိတဲ့ပိုက်ဆံနဲ့ ငါလုပ်ချင်တာလုပ်နိုင်တယ်"၊ သို့သော် သမ္မာကျမ်းက၊ ငါသည်ခရစ်တော်၌တည်သောကြောင့် "အရာခပ်သိမ်းကိုငါလုပ်နိုင်တယ်" လို့သဘောထားရှိပါတယ်။ ကျေနပ်ရောင့်ရဲခြင်းရှိနိုင်ဖို့တစ်ခုတည်းသောသဘောကတော့၊ "ငါသည်ခရစ်တော်၌ အရာခပ်သိမ်းကိုရရှိပြီးသား" ဖြစ်ကြောင်း သိရှိနားလည်ခြင်းပဲ ဖြစ်ပါတယ်။

***တောင်းဆိုချက်***။ ။ ကြွေးမြီကင်းလျက် ဘုရားသခင်၌သစ္စာရှိခြင်းအားဖြင့် ကျေနပ်ရောင့်ရဲခြင်းလမ်းကို တွေ့ရှိနိုင်ရန်ဘုရားသခင်အား ဦးဆောင်ခွင့်ပြုပါ။

-ဝ-

# ဥပုသ်အပတ်စဉ် (၂၅)
## ဇွန်လ (၂၂)ရက်၊ ၂၀၂၄
# အမြဲစီးဆင်းသော လမ်းကြောင်းတစ်ခု

*"အကြောင်းမူကား အကြင်သူသည်ရတတ်၏။ ထိုသူ၌ကြွယ်ဝပြည့်စုံစေခြင်း ငှါပေးဦးမည်။ အကြင်သူသည်ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင်နှုတ်လိမ့်မည်"(မဿဲ ၂၅း၂၉)။*

၂၀၂၁၊မတ်လ(၂၃)၌ မီတာ(၄၀၀)ရှည်သော၊ကုန်တင်သင်္ဘောကြီးEver Given သည် စူးအက်တူးမြောင်းကွေ့တွင် သောင်တင်ခဲ့၏။ စူးအက်တူးမြောင်းကိုဖြတ်သန်းမည့် သင်္ဘောအားလုံးကို ပိတ်ဆို့စေသည်။ ထိုအဖြစ်အပျက်ကြောင့် ကြီးမားသောအကျိုး သက်ရောက်မှုဖြစ်စေသည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုက နေ့စဉ်ထို လမ်းကြောင်းဖြင့် သင်္ဘောအစီးပေါင်း ၄၂၀ ဖြတ်သွားလျက်၊ ကုန်ပစ္စည်းတန်ချိန်၂၆ သန်းကိုရပ်တန့်စေလျက်၊ ခန့်မှန်းချေတစ်နာရီကို ဒေါ်လာသန်း (၄၀၀) ဆုံးရှုံးခဲ့သည်ဟု တွက်ချက်ကြသည်။ စူးအက်တူးမြောင်းသည် ဥရောပမှ အရှေ့အလယ်ပိုင်းနှင့်အာရှ ဆီသို့ကူးသန်းရန် အလျင်မြန်ဆုံး၊ အနီးဆုံးလမ်းကြောင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ သစ္စာရှိခြင်းလမ်းကြောင်းသည်လည်း ထိုသို့သောအလားသဏ္ဍာန် ဖြစ်တတ်လေသည်။ အလှူငွေစီးဆင်းမှုလမ်းကြောင်းသည် ဖောက်ပြန်မှု၊မယုံသင်္ကာ ဖြစ်မှု (သို့မဟုတ်) မိမိနယ်မြေအတွက်ကိုသာ အတ္တစွဲမှုတို့ကြောင့် ပိတ်ဆို့နေတတ်ပါ သည်။ Ever Given သင်္ဘောကြီးသောင်တင်ရပ်တန့် ပိတ်ဆို့မှုကဲ့သို့ပင်၊ ပေါ့သေးသည်ဟု မထင်အပ်။ ကမ္ဘာတစ်ဝှမ်းသို့ပေးပို့သော ကယ်တင်ခြင်းသတင်းစကားကို ကြီးမားစွာ ထိခိုက်စေသည်။

"ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက် စာမျက်နှာ(၃၆) တွင်ဤသို့မိန့်ဆိုပါသည်။

"ဘုရားသခင်က ဤလောကသို့ကြွဆင်းလာကာ ရွှေငွေများကို သွန်ချမည်မ ဟုတ်။ သူ့အမှုတော်အတွက်လူတို့အား ပစ္စည်းဥစ္စာကိုရတတ်သောဉာဏ်ကိုပေး၍ သူတို့ ၏ လက်ဆောင်ပဏ္ဏာနှင့် အလှူငွေပေးကမ်းခြင်းဖြင့် ကိုယ်တော်၏အမှုတော်ကိုတိုး တက်စေမည်ဖြစ်ပါသည်။ အခြားသောအရာများ၏အထက်တွင်ရှိသော ကိုယ်တော်၏ လယ်ကွင်း၌ရိတ်သိမ်းနေသူများအားထောက်ပံ့ရန်ဖြစ်သည်။ထိုသို့သောအားဖြင့်ကောင်း ကင်မှစီးဆင်းနေသောမင်္ဂလာသည်အခြားသောသူအများထံသို့သက်ရောက်စေမည်။"

***တောင်းဆိုချက်***။ ။ကျွန်ုပ်တို့ကိုဖြတ်သွား စီးဆင်းစေသည့် ကောင်းကြီးမင်္ဂလာလမ်း ကြောင်းကို ဘယ်အရာမှတားဆီးပိတ်ဆို့မှုမပြုရန် ဘုရားသခင်အားတောင်းလျှောက်ပါ။

-၀-

# ဥပုသ်အပတ်စဉ် (၂၆)
ဇွန်လ (၂၉)ရက်၊ ၂၀၂၄
# အရင်းအမြစ်ကို သုံးစွဲရာ၌တာဝန်ရှိခြင်း

*"ခပ်သိမ်းသောအမှုကိုတင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်းစီရင်ကြ လော့ (၁ကော ၁၄း၄၀)။"*

ကျွန်ုပ်တို့၏အသင်းတော်ကို ပို့ဆောင်ရာ၌ ဘုရားသခင်အားချီးမွမ်းရန်အကြောင်းများစွာရှိပါသည်။ သမ္မာတရားကိုဟောကြားရမည့်နည်းလမ်း၊ အသင်းတော်ဖွဲ့စည်းရမည့်ပုံစံ၊ နိုင်ငံတော်သား၌ရှိရမည့်အသက်တာပုံစံ စသည်တို့ဖြင့် စေ့စုံစွာပြင်ဆင်ပေးခြင်းများကား ချီးမွမ်းဖွယ်သက်သက်ဖြစ်သည်။

သို့သော် နှလုံးသားမှ ကျေးဇူးတော်ချီးမွမ်းရမည့်အကြောင်းအရင်း နောက်တစ်ခုမှာ အသင်းတော်၏ပိုင်ဆိုင်မှုများကို မည်ကဲ့သို့ထိန်းသိမ်းရမည်ကို စီမံပေးခြင်းပင်ဖြစ်သည်။ ငွေကြေးကိုင်တွယ်စီမံရာ စံနစ်ကျလှသော၍အသင်းတော်နှင့် သက်ဆိုင်ရခြင်းကား ဂုဏ်ယူစရာကောင်းလှပေသည်။ အသေးငယ်ဆုံးပြားစေ့တစ်စေ့စီတိုင်းသည် ကယ်တင်ခြင်းဆိုင်ရာ သာသနာလုပ်ငန်းအတွက် အရေးပါသည်ဖြစ်၍ ဤငွေကြေးအပေါ် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားမှုရှိရပါမည်။ ငွေထိန်းနှင့်စစ်ဆေးသူတို့သည် ပူးတွဲ၍ မှန်မှန်ကန်ကန်လုပ်ဆောင်ရပါမည်။ သင်ကိုယ်တိုင်၏ရိုးသားမှုအပေါ် သင်တာဝန်ရှိပေသည်။

ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ - စာမျက်နှာ(၉၀)တွင် အီးဂျီဝိုက်က- "ဆယ်ဖို့တစ်ဖို့ပေးခြင်းအစီအစဉ်၌ ဘုရားသခင်၏အကြံအစည်သည်ရိုးရိုးဖြစ်နှင့်သာတူညီမျှခြင်းကြောင့် လှပနေပါသည်။ ၎င်း၏အရင်းမူသည် မြင့်မြတ်သောကြောင့်အားလုံးတို့သည် ယုံကြည်ခြင်း၊ရဲရင့်ခြင်းနှင့်ကိုင်စွဲနိုင်ကြသည်။ ၎င်း၌ရိုးရိုးနှင့်အကျိုးဖြစ်ထွန်းခြင်းကို ပေါင်းစပ်ထားသောကြောင့်၊ နားလည်ဖို့ရန်နှင့်လုပ်ကိုင်ဖို့ရန် ပညာအရင်းခံများစွာမလိုပေ။ လူတိုင်းသည် အဖိုးတန်သောကယ်တင်ခြင်းအုပ်ကို ဝင်ရောက်လုပ်ကိုင်နိုင်ကြသည်။"

***တောင်းဆိုချက်***။ ။ အသင်းတော်၏ ငွေကြေးများကိုကိုယ်တွယ်ရာ၌ ပွင့်လင်းမြင်သာခြင်းနှင့်အလေးထားခြင်းသည်မှန်မြတ်သောကယ်တင်ခြင်းလုပ်ငန်းကို ထောက်ပံ့အားပေးသည်။ သင်၏ဖယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို ပြန်လည်ပေးအပ်ဆက်ကပ်ခြင်းသည် သင်၏စရိုက်ကိုဖော်ပြသောသက်သေကောင်းတစ်ခုဖြစ်သည်။

-၀-

# ဥပုသ်အပတ်စဉ် (၂၇)
## ဇူလိုင်လ (၆)ရက်၊ ၂၀၂၄
## သုံးကြိမ်ကယ်ခြင်း

***"ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်လည်းကောင်း ငါတို့ကိုကယ်တင်တော်မူ၏" (တိတု ၃း၅)။***

လီသည် ထိုင်ဝမ်တွင်ရောက်နေသော ဆောက်လုပ်ရေးအလုပ်သမားတစ်ယောက်ဖြစ်သည်။ နေ့မနားညမနားအလုပ်ကိုသာ ဆက်တိုက်လုပ်ကာ၊စိတ်ဖိစီးမှုများလာပြီး၊ဆေးလိပ်၊ အရက်များ စတင်သောက်တတ်လာသည်။ အိမ်ထောင်မိသားစုအတွက်ကြီးမားသော ဒုက္ခရောက်စေ၍၊မိသားစုလည်း သူ့ကိုစွန့်ပစ်သွားခဲ့သည်။ သူလည်း အရေးပေါ်ခွဲစိပ်ကုသမှုခံယူလိုက်ရသည်။ သက်သာရာရသွားသော်လည်း နေထိုင်စားသောက်မှုစရိုက်ပြောင်းလဲဖို့လိုအပ်ပါသည်။ သို့သော် သူ၏စရိုက်ကိုမပြောင်းလဲပါ။

အနှစ် ၂၀ ကြာသော် နောက်တစ်ကြိမ်ဆေးရုံပြန်တက်ရသည်။ ဒီတစ်ကြိမ် ဘုရားထံအော်ဟစ်တောင်းပန်ခဲ့ပါသည်။ ဆေးရုံ၌ရှိနေစဉ် မြို့ပြသာသနာဌာနမှ လီအား ကြည့်ရှုပြုစုရင်း၊ သူ့ဘဝထူထောင်ရေးအတွက် စတိုးဆိုင်လေးတစ်ဆိုင်ကိုစီစဉ်ပေးခဲ့သည်။ ကျန်းမာရေးနှင့်ညီညွတ်သာ စားသောက်ဖွယ်ရာများကိုရောင်းချရင်း ကိုယ်တိုင်လည်း စားသောက်နေထိုင်မှုစရိုက်ပြောင်းလဲကာ၊ အဖွဲ့သားများနှင့်အတူကျမ်းစာဖတ်ဆုတောင်းခြင်းဖြင့် ယေရှုခရစ်တော်ကိုရရှိကာ ဘဝသစ်တစ်ခုကိုထူထောင်ခဲ့ပါသည်။

***တောင်းဆိုချက်။*** ။ ၂၀၁၈ ခုနှစ်တွင် ထိုင်ဝမ်၌ ဤကဲ့သို့ မြို့ပြသာသနာပြုဌာနစင်တာများထူထောင်နိုင်ရန် (၁၃) ပတ်ဥပုသ်စာဖြေအလှူငွေဖြင့် ထောက်ပံ့ခဲ့ပါသည်။ ယနေ့ သင်ဆက်ကပ်သောအလှူငွေအားဖြင့် သာသနာတော်အတွက်ကောင်းကြီးဖြစ်နိုင်ပါစေ။

-o-

# ဥပုသ်အပတ်စဉ် (၂၈)
## ဇူလိုင်လ (၁၃)ရက်၊ ၂၀၂၄
## မဖြစ်နိုင်ပါဟုထင်ခဲ့သည်

*"ဖြောင့်မတ်သောသူသီးသောအသီးသည် အသက်ပင်အသီးဖြစ်၏။ သူတစ်ပါး၏စိတ်ဝိညာဉ်ကိုရသောသူသည်လည်း ပညာရှိဖြစ်၏" (သုတ္တံ ၁၁း၃၀)။*

စူဂန်းဒိုင် ဆိုတဲ့အမျိုးသမီးရဲ့ဘဝမှာ စိတ်ကူးယဉ်တာကလွဲပြီး ဘာမှမလုပ်နိုင်ခဲ့ပါ။ မကြာခဏဖျားနာလို့ ဘာတစ်ခုမှမလုပ်နိုင်ခဲ့ပါဘူး။ ဆေးဝါးနဲ့ပဲအသက်ရှင်ခဲ့ရပါတယ်။ တြိနိဒတ် မှာရှိတဲ့ Life Hope Center (ဘဝမျှော်လင့်ချက်ဌာန)ကိုရောက်ရှိသွားပြီးတဲ့နောက်ပိုင်း၊ သူ့ဘဝရဲ့အိပ်မက်တွေကို အကောင်အထည် ဖော်လာနိုင်ခဲ့တယ်။ အရင်က တစ်ခါမှလုပ်လို့မရဖူးခဲ့တာတွေကို သူလုပ်နိုင်လာခဲ့ပါတယ်။

ထို Life Hope Center မှာ စာမတတ်တဲ့ကလေးတွေသာမက သူတို့ရဲ့မိဘတွေကိုလည်းခေါ်ပြီး စာသင်ပေးခဲ့ပါတယ်။ အသက်၆နှစ်မှ၁၅ နှစ်အရွယ်ကလေးတွေကိုသင်္ချာနဲ့စာပေများကိုသင်ပေးခဲ့တယ်။ သေးငယ်တဲ့ကလေးတွေကိုမူကြိုအနေဖြင့် သင်ပေးပါတယ်။ လူငယ်၊လူလတ်ပိုင်း၊ လူကြီးပိုင်းတွေကို ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး၊ ရောဂါများ ကာကွယ်ရေးနည်းနဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်ခြင်းတို့ဖြင့်၊ အရည်အသွေးရှိသောအသက်တာကို တည်ဆောက်ရေးတို့မှာ သင်တန်းပေးခဲ့ပါတယ်။

လိုက်ဖ်ဟုပ်စင်တာ ရဲ့လုပ်ဆောင်မှုအားဖြင့် အသင်းတော်ထူထောင်နိုင်တဲ့အဆင့်ကိုရောက်လာကြောင်း၊ မန်နေဂျာဖြစ်သူ ခရစ္စတင်းမာသူရ(Christine Mathura) ကသက်သေ ခံခဲ့ပါတယ်။ ယခုဆို လူသစ်၂၅ယောက်ဟာ ဘုရားဝတ်ပြုခြင်းအစီအစဉ်တွေကိုပုံမှန်တက်ရောက်နေကြောင်းလည်း သိရပါတယ်။

***တောင်းဆိုချက်***။ ။ ကမ္ဘာတစ်ဝှမ်းမှာ ယခုလိုစင်တာမျိုး ဒါဇင်ပေါင်းများစွာလုပ်ဆောင်လည်ပတ်နေပါတယ်။ ဤပရောဂျက် (စီမံကိန်း) အတွက်ဆုတောင်းပေးကြပါ။ ဂလိုဘယ်မစ်ရှင် သာသနာလုပ်ငန်းမှာ ပါဝင်စေတဲ့သင့်ရဲ့ အလှူငွေအတွက်လည်းအထူးကျေးဇူးတင်ပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၂၉)
ဇူလိုင်လ (၂၀)ရက်၊ ၂၀၂၄
# သာသနာလုပ်ငန်းအတွက် ဘဝတစ်ခု

*"ထိုသို့ပြုသော်၊ ငါတို့မျှော်လင့်သည်အတိုင်းထက်မကပြု၍၊ ဘုရားသခင်၏ အလိုတော်နှင့်အညီ ရှေးဦးစွာ သခင်ဘုရား၌လည်းကောင်း၊ ငါတို့၌လည်းကောင်း မိမိတို့ကိုမိမိတို့လှူကြ၏" (၂ကော ၈း၅)။*

ကောရိန်သုဩဝါဒစာ ဒုတိယစောင်(၈)ထဲမှာ ရှင်ပေါလုက မာကေဒေါနိအသင်းတော်ရဲ့စစ်မှန်သောသစ္စာရှိခြင်း စံနမူနာကို တင်ဆက်ထားပါတယ်။ မာကေဒေါနိခရစ်ယာန်များမှာ အလွန်အမင်းဆင်းရဲခြင်းနဲ့ ညှင်းပန်းနှိပ်စက်ခြင်းထဲမှာ နေခဲ့ကြသူများဖြစ်ပါတယ်။ ထိုသို့ဖြစ်စေကာမူ သူတို့ရဲ့ စေတနာသဒ္ဓါစိတ်ဟာ ဘုရားသခင်ရဲ့အမှုတော်အပေါ် မဆင်းရဲခဲ့ဘူး။

သူတို့သစ္စာအခြေခံသဘောသဘာဝတွေမှာ -

၁။ မမြဲသောလောကီရဲ့ အကန့်အသတ်ဟာ ဝိညာဉ်အသက်တာရဲ့အကန့်အသတ်မဟုတ်ပါ။

၂။ ဘုရားသခင်၏ ကြီးမြတ်သောဆုလက်ဆောင်သည် သခင်ယေရှု၏ အကြွင်းမဲ့ဆက်ကပ်ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သောကြောင့် အတ္တစိတ်အတွက်နေရာမရှိတော့ပါ။

***တောင်းဆိုချက်*။** ။ မှန်ကန်သောပေးလှူဆက်ကပ်ခြင်းရဲ့ လျှို့ဝှက်ချက်ဟာ မိမိကိုယ်ကိုဘုရားသခင်ထံ အပ်နှံခြင်းဖြစ်ပါတယ်။ ခရစ်တော်က ကျွန်ုပ်တို့ရဲ့စိတ်နှလုံးကို ပိုင်ဆိုင်သွားတဲ့အခါ ကျွန်ုပ်တို့ရဲ့ပိုက်ဆံအိတ်ကိုလည်း ရရှိသွားပါတယ်။ ခရစ်တော်ယေရှုရဲ့လက်တော်ထဲ ရောက်ရှိသွားလေသမျှအားလုံးဟာ စိတ်ချလုံခြုံမှုနဲ့ တိုးပွားကြွယ်ဝမှုကိုဖြစ်စေပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၃၀)

ဇူလိုင်လ (၂၇)ရက်၊ ၂၀၂၄

## ဗျာဒိတ်တော်အသံ

***"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြော သော လူမျိုးအနွယ်ခပ်သိမ်းတို့အား ဧဝံဂေလိတရားကိုဟောရသော ကောင်းကင်တမန် တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့" (ဗျာဒိတ်ကျမ်း ၁၄း၆)။***

ဆရာကြီး အိပ်ချ်အမ်အက်စ်ရစ်ချတ်စ်ကို ၁၈၉၄ ခု၊ဩဂုတ်လ(၂၈)ရက်၊ အိုင်အိုဝါစတိတ်မှာ မွေးဖွားခဲ့ပါတယ်။ သူ့အသက်(၁၇) နှစ်အရွယ်မှာ အဘိုးဖြစ်သူနဲ့ဖခင်ဖြစ်သူတို့ရဲ့ ခြေရာအတိုင်း ဓမ္မတရားဟောဆရာဖြစ်လာဖို့ဆုံးဖြတ်ခဲ့သည်အတိုင်း နိုင်ငံတော်ဥပဒေပြုလွှတ်တော် ဆိနိတ်ရဲ့ ဖိတ်ကြားခြင်းနဲ့ ရေဒီယိုအသံလွှင့်ရုံစတင်ထူထောင်ပြီး၊ ထိုလူငယ်တရားဟောဆရာက ဧဝံဂေလိတရားစကားကို တစ်ခုမကျန် တစ်ခွန်းမချွင်း စတင်ဟောကြားခဲ့ပါတယ်။

- ၁၉၁၉ ခုနှစ်မှာ ဘွဲ့ရသင်တန်းဆင်းတာနဲ့ တရားဟောလုပ်ငန်းကိုရွက်ဖျင်တဲတွေမှာ စတင်တရားဟောခဲ့ပါတယ်။
- ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့မှစပြီး လော့စ်အိန်ဂျယ်လိစ်မှာ (၁၅) မိနစ်တရားကို ဟောခဲ့ပါတယ်။
- ၁၉၃၇ ခုနှစ်မှာ ကြီးမားတဲ့ အသံလွှင့်ကွန်ယက်ပိုင်ရှင် ဒွန်လီက သူ့အားအသံလွှင့်တရားဟောဖိတ်ကြားခဲ့ပြီး၊ ရေဒီယိုအသံလွှင့်တရားဟောခြင်းလုပ်ငန်းကို ချဲ့ထွင်လုပ်ဆောင်ခဲ့ပါတယ်။

ဆရာကြီး ရစ်ချတ်စ် အစပြုခဲ့တဲ့ရေဒီယို သာသနာပြုလုပ်ငန်းဟာ ကမ္ဘာတစ်ဝှမ်းမှာ တစ်နေ့ထက်တစ်နေ့တိုးတက်အောင်မြင်ပြီး၊ ယနေ့မှာ မီဒီယာဗဟိုဌာနများ ၁၆၀ ကျော်ထူထောင်လျက် များစွာသောဝိညာဉ်တို့ကို ပြောင်းလဲစေပါတယ်။

***တောင်းဆိုချက်***။ ။သီးခြားခွဲထားသော စုပေါင်းအလှူငွေကို စိတ်ထက်သန်စွာဖြင့်ပုံမှန်ဆက်ကပ်ပြီး၊ သင်ကိုယ်တိုင်သတ်မှတ်သော ရာခိုင်နှုန်းအပေါ်သစ္စာရှိခြင်း၊ ဘုရားသခင်ရဲ့သာသနာလုပ်ငန်းအတွက် ကောင်းကြီးမင်္ဂလာဖြစ်စေပါ။

-ဝ-

# ဥပုသ်အပတ်စဉ် (၃၁)
## ဩဂုတ်လ (၃) ရက်၊ ၂၀၂၄
## အိမ်တွင်းနှင့်နယ်မြေခြားဆီသို့

*“ယခုဆိုခဲ့ပြီးသော သူအပေါင်းတို့သည်၊ ကတိတော်နှင့်စပ်ဆိုင်သောအကျိုး ကျေးဇူးကိုမခံရဘဲ၊ အဝေးကမြော်မြင်လျက်၊ စိတ်နှလုံးနှင့်ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာတစ်ကျွန်းသူ တစ်နိုင်ငံသား ဧည့်သည်အာဂန္တုဖြစ်သည်ကိုထင်ရှားစွာ ဝန်ခံလျက် ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏” (ဟေဗြဲ ၁၁း၁၃)။*

အဲလ်ဝင်ဝင်းသရော့ပ်စနစ်ဒါ ကို ၁၈၆၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့က၊ ယူနိုက်တက်စတိတ်မှာဖွားမြင်ခဲ့ပါတယ်။ အသက်(၁၈)နှစ်အရွယ်မှာ ဓမ္မစာပေဖြန့်ချီရေး လုပ်ငန်းအမှုဆောင်ဖြစ်လာပြီးနောက်ပိုင်း ပင်ဆီဗေးနီးယားကွန်ဖရင့်ရဲ့ ဓမ္မစာပေ သာသနာဌာနညွှန်ကြားရေးမှူးဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ဦးဆောင်နိုင်မှုစွမ်းအားကြောင့် ၁၈၉၁ ခုနှစ်မှာ တောင်အမေရိကရဲ့ ဓမ္မစာပေသာသနာအမှုတော်အတွက် ဖိတ်ခေါ်ခြင်းခံခဲ့ရပါတယ်။

ဆရာကြီး စနစ်ဒါနဲ့အတူ တွဲဖက်လုပ်ဖော်ဆောင်ဖက်တို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့စွမ်းဆောင်နိုင်မှုဟာ တောင်အမေရိကအတွက် အရေးပါတဲ့အပြောင်းအလဲ ဖြစ်စေခဲ့ပါတယ်။ ဆရာကြီးကိုယ်တိုင်မစ်ရှင်အတွင်းရေးမှူးအဖြစ် တောင်အမေရိကနယ်အနှံ့ ကိုရောက်ခဲ့ပါတယ်။ ၁၉၀၁ ခုနှစ်မှာ ဆရာကြီး စနစ်ဒါက ဥပုသ်စောင့်သူလေးယောက်သာရှိတဲ့ ပါရာဂွေးမှာ တရားပွဲကျင်းပဖို့အာရုံစိုက်ခဲ့သည်အတိုင်း၊ နောက်ထပ်အသင်းဝင်အသစ်ငါးယောက်ကို ခရာခဲဆစ် ရရှိခဲ့ပါတယ်။ ဆရာကြီးဟာ တောင်အမေရိကမှာ ၁၄ နှစ်တိုင် အမှုတော်ထမ်းဆောင်ခဲ့ပြီး၊ ကျန်းမာရေးအခြေအနေအရ အသက်(၅၄)နှစ်မှာ အိပ်ပျော်ခဲ့သော်လည်း၊ ရဲစွမ်းသတ္တိနှင့်ရှေ့ဆောင်ခြင်းစိတ်ဓာတ် အမွေကိုထားခဲ့ပါတယ်။

***တောင်ဆိုချက်***။ ။ ရှေးဦးကမ္ဘာ့သာသနာပြုအများစုဟာ၊ မိမိတို့ရဲ့နေရင်းတိုင်းပြည်ကိုထားခဲ့ပြီး နိုင်ငံရပ်ခြားသို့ စွန့်စားကာအမှုတော်ဆောင်ခဲ့ကြပါတယ်။ ယနေ့ ကျွန်ုပ်တို့အနေနဲ့ ရပ်ဝေးသာသနာအမှုတော်အတွက် ပါဝင်ဆက်ကပ်ရမည့်အလှည့်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဆက်ကပ်တဲ့ အလှူငွေများဟာ ရည်ရွယ်ချက်ရှိရှိသတ်မှတ်တဲ့ရာနှုန်းကို စံနစ်တကျ၊ အချိန်မှန်မှန်နဲ့စေတနာထက်သန်စွာ ပါဝင်ခြင်းအားဖြင့် ကောင်းကြီးဝေငှကြပါစို့။

-၀-

# ဥပုသ်အပတ်စဉ် (၃၂)

ဩဂုတ်လ (၁၀) ရက်၊ ၂၀၂၄

# ငွေရေးကြေးရေးဆိုင်ရာ လွတ်လပ်မှု

***"ငွေရတတ်သောသူသည် ဆင်းရဲသောသူကိုအစိုးရ၏။ ချေးငှားယူသောသူသည်ချေးငှါးပေးသောသူ၌ ကျွန်ဖြစ်၏" (သုတ္တံ ၂၂း၇)။***

ငြင်းဆိုလို့မရနိုင်တဲ့ စကားဖြစ်ပါတယ်။ သို့သော် ဘဝမှာငွေကြေးနဲ့ပတ်သက်လို့ လွတ်လပ်မှုအတွက် ဘုရားသခင်က နည်းလမ်းတွေပေးထားပါတယ်။ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေများအပြင်၊ မိမိငွေကြေးကို ဘယ်လိုသုံးသလဲဆိုတာကို မသိရင်တော့ တကယ်အခက်အခဲကြုံမှာပါပဲ။ ငွေကြေးပြဿနာနဲ့ကင်းဝေးဖို့ရန် ရိုးရှင်းတဲ့နည်းလမ်းတွေရှိပါတယ်။

၁။ ***မိမိကိုယ်ကိုစည်းကမ်းသတ်မှတ်ခြင်း*** - သင့်အသုံးစာရင်းကို ဘုရားသခင်ရဲ့ထိန်းချုပ်မှုအောက်မှာထားလိုက်ပါ။ ဘုရားသခင်ရဲ့လမ်းညွှန်မှုနဲ့သင့်ငွေသုံးစွဲမှု စံနစ်မှန်ကန်လာပါလိမ့်မယ်။

၂။ ***လစဉ် ဘတ်ဂျက်သတ်မှတ်ထားခြင်း*** - ကိစ္စတစ်ခုစီအတွက် ဘယ်လောက်သုံးမလဲ။ ဘတ်ဂျက်ရှိသလောက်အတွင်းသာ သုံးဖို့စိတ်ပိုင်းဖြတ်ပါ။ ဘတ်ဂျက်ထားရှိခြင်းအားဖြင့် ဝင်ငွေနဲ့ထွက်ငွေကိုချိန်ဆနိုင်ပါလို့မ်မယ်။

၃။ ***သင့်ဘတ်ဂျက်အတွက် တာဝန်ခံတစ်စုံတစ်ယောက်ကိုထားရှိခြင်း*** - ဒေသနာကျမ်း ၄း၉၊၁၀ ထဲမှာ ဖော်ပြထားသကဲ့သို့ တစ်ယောက်ထက်နှစ်ယောက်ပိုကောင်းပါတယ်။ တစ်ယောက်လဲလျှင် တစ်ယောက်ထူမလို့မ်မယ်။ သင့်ကိုသတိပေးသူတစ်ယောက်ယောက်ရှိလျှင် သင့်ငွေကြေးအခြေအနေကို ချင့်ချိန်နိုင်မှုပိုအားကောင်းစေပါလိမ့်မယ်။

***တောင်းဆိုချက်***။ ။ သင့်ငွေရေးကြေးရေး သုံးစွဲမှုမှန်ကန်ဖို့ရန် ဘုရားသခင်ထံမှဉာဏ်ပညာကို တောင်းခံပါ။ ဤနည်းအားဖြင့် သင့်ကိုယ်သင်နောက်ဆုံးနေရာမှာထားရှိပြီး၊ ဘုရားသခင်အား ပထမနေရာမှာထားရှိပါ။

-၀-

# ဥပုသ်အပတ်စဉ် (၃၃)

## ဩဂုတ်လ (၁၇) ရက်၊ ၂၀၂၄

## ဘုရားသခင်အမှုတော်ဖို့ ကျွန်ုပ်၌အကောင်းဆုံးအရာ

*"အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်ကိုပြသ၍၊ စကြဝဠာ နေ၊လ၊ကြယ်နက္ခတ်ကဲ့သို့ ထိုလူမျိုးထဲ၌ထွန်းလင်းကြ၏။ ထိုသို့ပြုလျှင် ငါသည်အကျိုးမရှိဘဲလျက် ပြေးသည်မဟုတ်၊ အကျိုးမရှိဘဲလျက် ကြိုးစားအားထုတ်သည်မဟုတ်ကြောင်းကိုငါထောက်၍ ခရစ်တော်၏နေ့ရက်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိလိမ့်မည်" (ဖိလိပ္ပိ ၂း၁၆)။*

၁၈၆၃ ခုနှစ်မေလ၏ဥပုသ်နေ့တစ်နေ့တွင် ဘဲတာလ်ခရိခ်၌ စခန်းသွင်းစည်းဝေး (Camp) ကျင်းပနေစဉ်၊ အယ်လင်ဝှိုက်ထံသို့ မုဒ်စစ်စလေဘ်ဂွက် ဆိုသောအမျိုးသမီးရောက်လာ၏။ သူသည် အသက်၁၆ နှစ်အရွယ်မှစ၍ ယခုအထိ၊အသင်းတော်စာပုံနှိပ်တိုက်မှဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ တစ်ခုသော နေ့လယ်ခင်း ဆုတောင်းနေချိန်၊ နားထဲတွင် "ဘုရားသခင်အတွက်အလုပ်လုပ်ချင်ပါသလား" ဆိုသော အသံကိုကြားခဲ့ရပါသည်။ လေးနက်သော အတွေးတစ်ခုဖြင့် ဘုရားသခင်ကစေခိုင်းသောအရာကို စိတ်ဆန္ဒမရှိသော်လည်း "ဟုတ်ကဲ့၊ စေခိုင်းတော်မူပါ။ ကျွန်မဆောင်ရွက်ပါမည်" အဖြေပေးခဲ့ပါသည်။ စိတ်ထဲတွင်မူ အပြည့်အဝဆက်ကပ်ခြင်းမဟုတ်သလို ခံစာမိပါသည်။

ထိုခဏချင်းတွင် စိတ်ထဲမှ ငြိမ်သက်ခြင်းကို ခံစားရပြန်သည်။ ထိုနေ့မနက်တွင် ဂျင်နရယ်ကွန်ဖရင့်မှ သူ့အား ဆွစ်ဇာလန်သို့သွားပြီး ဂျေ၊အင်န်၊အင်ဒြူး၏ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းသို့ အကူအညီပေးရန် ဖိတ်ကြားသော စာတစ်စောင်ကို ရရှိခဲ့ပါသည်။ အိပ်မက်ထဲမှာ ကောင်းကင်တမန်နှင့်မတွေ့ခဲ့ပါလျှင် ထိုအလုပ်ကိုလက်ခံလိမ့်မည်မဟုတ်ပါ။ ၁၈၈၇ ခုနှစ်တွင် အာဖရိကသို့စေလွှတ်ခြင်းခံရသော သာသနာပြုပထမအဖွဲ့တွင် ပါဝင်ခဲ့ပြီး အင်္ဂလန်နှင့်ဩစတြေးလျားသို့လည်း သာသနာပြုခဲ့ပါသည်။

***တောင်းဆိုချက်။*** ။ ဘုရားသခင်မှ သင့်အားအပြည့်အဝဆက်ကပ်ရန် ခေါ်သောအခါ "မုဒ်" ကဲ့သို့ဖြေမိနိုင်ပါသည်။ သို့သော် မိမိကိုယ်ကို ငြင်းပယ်ထားသော သူတစ်ယောက်အဖို့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသုံးတော်ခံနိုင်အကန့်အသတ်မရှိကြောင်းသတိရလိုက်ပါ။

-၀-

# ဥပုသ်အပတ်စဉ် (၃၄)
## ဩဂုတ်လ (၂၄) ရက်၊ ၂၀၂၄
## တိုးတက်လိုသောဆန္ဒ တားမရပါ

***"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးသောဘာသာစကား ကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့" (ဗျာဒိတ် ၁၄း၆)။***

သင်္ဘောအကြီးအငယ် ရေကိုစုန်ဆန်ပြီးဆိပ်ကမ်းမှနေထွက်ခွာလိုက်ပြန်ဆိုက် ကပ်လိုက်နဲ့ လူတွေအလုပ်ရှုပ်နေကြတာကို ဂျိုးဇက်ဘိတ်ကလေးဟာ သူ့ရဲ့အိပ်ခန်းပြ တင်းပေါက်ကနေငေးမောနေရင်း၊ နေ့စဉ်ရဲ့အတွေးထဲမှာပင်လယ်ပြင်ထဲရွက်လွင့်နေခဲ့ ပါတယ်။ သူဟာ နယူးဘက်ဒ်ဖော့၊ မာစာချူးဆက်မှာ ကြီးပြင်းလာခဲ့ပါတယ်။ မိဘများ က သူ့စိတ်ကူးတွေကိုတားဆီးဖျောင့်ဖျတဲ့အနေနဲ့ ခရီးတိုသွားတဲ့သင်္ဘောလေးတစ်စီး ပေါ် ပို့ထားလိုက်တယ်။ ဒီသူငယ်က စိတ်ကိုနောက်ဆုတ်မယ့်အစား ပင်လယ်ခရီးဝေး ဆန့်ဖို့ ပိုလို့အားကြီးလာပါတယ်။ အနှစ် ၂၀ အတွင်း ဒေါ်လာ၁၀၀၀၀ စုဆောင်းမိ ပြီး ကိုယ်ပိုင်သင်္ဘောတစ်စီးကို ဝယ်လိုက်ပါတယ်။

အောင်မြင်ကျော်ကြားလာခဲ့ပါတယ်။ သို့သော်သူ့ရဲ့သင်္ဘောမှာ အများနဲ့မတူ တမူထူးခြားပြီးသင်္ဘောပေါ်မှာ အရက်၊ဆေးလိပ်သောက်စားခြင်းမပြုရ။ ထို့အပြင်သ င်္ဘောသားတွေပေါ့ပျက်ပျက် အောက်တန်းစားစကားတွေ မပြောမသုံးရဆိုပြီးစည်းကမ်း ချက်တွေထားရှိပါတယ်။ တစ်နေ့မှာ သူ့ဇနီးသည်မှထည့်ပေးလိုက်တဲ့ကျမ်းစာအုပ်ကို ဖတ်ရင်းနဲ့ယေရှုနဲ့ပိုပြီး အကျွမ်းဝင်လာခဲ့ပါတယ်။

သိပ်မကြာလိုက်ပါဘူး၊ ဥပုသ်နေ့အမှန်တရားကိုတွေ့ရှိလာတာနဲ့ သတ္တမနေ့ ဥပုသ်စောင့်တဲ့သူတွေကို လိုက်ရှာခဲ့ပါတယ်။ နောက်ပိုင်းမှာ စာမျက်နှာ(၄၈)မျက်နှာစာ၊ စတုတ္ထပညတ်ရဲ့အရေးပါမှုစာအုပ်စာပေကို ၁၈၄၆ ခု၊ဩဂုတ်လမှာ ပုံနှိပ်ထုတ်ဝေဖြန့် ချီခဲ့ပါတယ်။ ပင်လယ်ရေကြောင်းခရီးသွားလုပ်ငန်းမှ အနားယူပြီးနောက်ပိုင်း၊ တစ်သက် တာလုံးမှာ သူ့ရဲ့အိပ်မက်ကိုကျော်လွန်တဲ့ သာသနာလုပ်ငန်းထဲမှာ မိမိရဲ့ဘဝအသက် တာကို အပ်နှံပြီး၊ သာသနာခရီးအမွေကို ထားခဲ့ပါတယ်။

***တောင်းဆိုချက်။*** ။ မိမိရဲ့ယုံကြည်ခြင်းကိုဆန့်ထုတ်ဖို့ ဘုရားသခင်က လူတိုင်းကိုခေါ် ပါတယ်။ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေများထည့်ရာမှာ စံနစ်ကျခြင်း၊ ပုံမှန်ဖြစ်ခြင်း၊ သစ္စာရှိ ခြင်းအားဖြင့် သင့်ရဲ့ယုံကြည်ခြင်းကို နေရာအနှံ့သို့ဖြန့်ဝေပေးပါ။

-၀-

# ဉပုသ်အပတ်စဉ် (၃၅)

ဩဂုတ်လ (၃၁) ရက်၊ ၂၀၂၄

# ပြန်လည်အစပြုခြင်း

***“တစ်ဖန်ထာဝရဘုရားက၊ ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကိုငါကြားလျှင်၊ ငါက အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟုလျှောက်လေ၏” (ဟေရှာယ ၆း၈)။***

ဂျာမန်လူမျိုးဝေလ်ဟင်စတင်း ဂျူနီယာကို ၁၈၇၁ ခုနှစ်၊နိုဝင်ဘာလ(၁၃)ရက်နေ့၊ ဘရာဇီးလ်နိုင်မှာ မွေးဖွားခဲ့ပါတယ်။ အသက်(၁၇)နှစ်အရွယ်မှာ သတ္တုဗေဒပညာဖြင့် အောင်မြင်တဲ့အလုပ်သမားအဖြစ် ဂုဏ်ပြုခံခဲ့ရပါတယ်။ ထိုပညာရပ်ကိုအစပြုခဲ့သူတစ်ဦးရဲ့သမီး မာရီယာခရာဟင်ဘာနဲ့လက်ထပ်ပြီး ထိုအရပ်မှာ ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်လာခဲ့ပါတယ်။ ထိုအချိန်မှာ ဓမ္မစာပေဖြန့်ချိသူ အော၊ဘီ၊စတော်ဖာနဲ့အဲလ်ဘတ်ဘာ့ချ်မယာ တို့ရောက်လာပြီး၊ သဂရိတ်ကွန်ထရိုဗာစီ စာအုပ်ဟာ စတင်းရဲ့လက်ထဲကိုရောက်ရှိသွားပြီး သမ္မာတရားကို လက်ခံလာခဲ့ပါတယ်။

၁၈၉၅ ခုနှစ်မှာ ပါစတာဖရင့်ခ်ဆိုသူ တောင်အမေရိကမှ အသင်းတော်ခေါင်းဆောင်တစ်ဦးဟာ စတင်းရဲ့အရောင်းကိုကြားလို့ အလည်ရောက်လာပြီး၊ အဆင်သင့်ဖြစ်နေတဲ့ စတင်းဟာ ဘရာဇီးလ်မြေမှာပဲ နှစ်ခြင်းမင်္ဂလာခံယူခဲ့ပါတယ်။ နောက်နှစ်မှာလည်း စတင်းရဲ့ဇနီးသည်နှစ်ခြင်းခံခဲ့ပါတယ်။ ဘုရားရဲ့အမှုတော်အတွက် အပြည့်အဝဆက်ကပ်ခြင်းကို စတင်း မငြင်းဆန်ခဲ့ပါဘူး။ ထိုနယ်မြေမှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ သတ္တမနေ့အသင်းတော်ကျောင်းမှာ ဇနီးမောင်နှံနှစ်ယောက် ကျောင်းဆရာအဖြစ်ပါဝင်ဆက်ကပ်ခဲ့ပါတယ်။ တစ်ခြားကျောင်းမှာလည်း ထပ်မံအမှုတော်ဆောင်ခဲ့ကာ၊ ပေါ်တူဂီမှာ ပထမဦးဆုံးတည်ထောင်လိုက်တဲ့ မြော်လင့်ခြင်းမဂ္ဂဇင်းတိုက်မှ အယ်ဒီတာအဖြစ်လည်း ဆက်ကပ်ခဲ့ပါတယ်။

***တောင်းဆိုချက်***။ ။ စတင်းဟာ ဘုရားရဲ့အမှုတော်အတွက် ကျော်ကြားတဲ့စီးပွားရှင်အဖြစ်ကိုစွန့်လွှတ်ခဲ့ပါတယ်။ အနေအထားသစ်တစ်ခုကို အစကပြန်ပြီးလုပ်ဆောင်ရင်းသစ္စာရှိခြင်းအမွေကိုထားခဲ့ပါတယ်။ ယနေ့ သင်လည်းပဲအလှမ်းဝေးနေသေးတဲ့ သာသနာတော်လုပ်ငန်းတစ်စိတ်တစ်ဒေသအနေနဲ့ ကတိပြုထားတဲ့အလှူငွေကို သစ္စာရှိစွာထည့်ဝင်ခြင်းဖြင့် ဆက်ကပ်နိုင်ပါတယ်။

-၀-

# ဥပုသ်အပတ်စဉ် (၃၆)
## စက်တင်ဘာလ(၇)ရက်၊ ၂၀၂၄
## ဟာန်နွိုင်းသို့မျော်လင့်ခြင်းသတင်း

*"ထိုသို့သင်တို့သည် ဘုရားသခင်၏ချစ်သားဖြစ်ကြသည်နှင့်အညီ ဘုရားသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့" (ဧဖက် ၅း၁)။*

၂၀၁၈ ခုနှစ်တွင်၊ တောင်အာဖရိကမှ မြော်လင့်ခြင်းအသင်းသူ ဂျဲနီဘက်ခါသည်ဒေါ်လာ၂သန်းနှင့်အသင်းတော်တစ်ခု တည်ထောင်ရန်၊ ဗီယက်နမ်၏မြို့တော်ဟာန်နွိုင်းမြို့သို့ စေလွှတ်ခြင်းခံခဲ့ရပါသည်။ ဟာန်နွိုင်း၌ မြေတစ်ကွက်စာကို ဒေါ်လာ ၃. ၄သန်း တန်ဖိုးရှိနေချိန်တွင်၊ တစ်စုံတစ်ယောက်သောသူသည် မြေကွက်အပါအဝင် (၇)ထပ်အဆောက်အဦးအသစ်တစ်လုံးကို ၁. ၈ သန်းဖြင့်သာရောင်းချဖို့ ကမ်းလှမ်းလာသောကြောင့်၊ ဂျဲနီမှာ အံ့အားသင့်ခဲ့ရပါသည်။ "ဘုရားသခင်ဟာ ကျွန်မတောင်းတာထက်ကိုပေးနေတာပါ" ဟု ဂျဲနီ သက်သေခံခဲ့ပါသည်။

လူဦးရေ ကိုးသန်းရှိသောဟာန်နွိုင်း၌ မြော်လင့်ခြင်းအသင်းဝင်အနည်းငယ်သာရှိသည်။ မြို့ပြသာသနာအနေဖြင့် လူငယ်များအား အင်္ဂလိပ်စာသင်ကြားပေးခြင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ကာ အရပ်သားများတို့နှင့်ရင်းနှီးသော မိတ်သဟာယကိုတည်ဆောက်ခဲ့သည်။ အချက်အပြုတ်သင်တန်းကို တနင်္ဂနွေနေ့တိုင်းတွင်တက်ရောက်သူများလည်းရှိကာ၊ အစိုးရအရာရှိများနှင့်လည်း ရင်းနှီးလာကြသည်။ ဗီယက်နမ်ရှိ ဘာသာရေးအဖွဲ့အစည်းကော်မီတီနှင့်တွဲဖက်လျက်၊ ၎င်းတို့အဖွဲ့သား ၂၈ ယောက်ကိုလည်း အင်္ဂလိပ်စာသင်တန်းပေးရသည့်အပြင်၊ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များတွင်လည်း ၎င်းတို့ ပါဝင်လာကြပါသည်။

ဤဖြစ်စဉ်သည် General Conference (ကမ္ဘာ့ဌာနချုပ်)မှ အရေးပေါ်ရံပုံငွေထုတ်ပေးရသည်တိုင်အောင်၊ အလှူရှင်များ၏ဆက်ကပ်မှုဖြင့် လျင်မြန်စွာပြီးမြောက်စေခဲ့ပါသည်။

***တောင်းဆိုချက်***။ ။ ပုံမှန်အလှူငွေနှင့်အလှူရှင်တို့၏ ဆက်ကပ်မှုအစိတ်အပိုင်းတစ်ချို့သည် ကမ္ဘာအနှံ့ရှိမြို့ပြသာသနာများအတွက်ပါဝင်ပြီးသား ဖြစ်ပါသည်။ ထိုအတွက် သင်၏ မှန်မှန်ထည့်ဝင်နေကျရာခိုင်နှုန်းအပြင် ဆန္ဒရှိသလောက် ပိုမိုဆက်ကပ်နိုင်သော အခွင့်အရေးလည်း ရှိပါသေးသည်။

-၀-

# ဥပုသ်အပတ်စဉ် (၃၇)

## စက်တင်ဘာလ (၁၄) ရက်၊ ၂၀၂၄

## ပြည့်ဝစုံလင်သော မွမ်းမံပြင်ဆင်ခြင်း

*“ဘုရားသခင်၏သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည်ရွေးမဆွကသိတော်မူသော သူတို့ကိုသားတော်၏ပုံသဏ္ဍာန်တညီတည်းဖြစ်စေခြင်းငှါ ရွေးမဆွကခွဲခန့်မှတ်သားတော်မူ၏” (ရောမ ၈း၂၉)။*

လူကိုဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသောကြောင့်၊ သဘာဝချင်းတူ၊ နားလည်မှုချင်းလည်းညီညွတ်၏။ နေထိုင်စားသောက်မှုသန့်ရှင်းခြင်း၊ အတွေးအမြင်ကြည်လင်ခြင်း၊ နှင့်စိတ်အားကြီးမှုညီညွတ်ခြင်း ရှိပါသည်။ သို့သော် အပြစ်ကြောင့် ထိုအရာအားလုံး ပျက်စီးပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ပါသည်။

ပန်းချီပြတိုက်တစ်ခုတွင် ပျက်စီးနေသောပန်းချီကားတစ်ချပ်ကို သန့်ရှင်းရေးသမားကကိုင်ဆောင်ကာ မန်နေဂျာထံသို့ယူလာခဲ့ပါသည်။ ညစ်ပေလျက်ဆေးရောင်များလည်းပျက်နေပြီဖြစ်သောကြောင့် အမှိုက်ပုံးထဲသို့ ပစ်ရန်သာရှိပါတော့သည်။ သို့သော် မန်နေဂျာက နောက်ဆုံးအနေဖြင့် ပြန်လည်မွမ်းမံပြုပြင်လိုသောကြောင့် ပန်းချီဆရာထံသို့ သူသွားခဲ့ပါသည်။ ပန်းချီဆရာက ၎င်းကားချပ်ကိုသေချာစွာ ပြန်လည်ဆေးကြောသန့်စင်စေပြီး၊ အံ့သြဖွယ်ကောင်းလောက်အောင် ထိုပန်းချီကားချပ်ကို မူရင်းအတိုင်း ပြန်လည်ပြုပြင်နိုင်ခဲ့ပါသည်။ ၎င်းပန်းချီဆရာ လုပ်ဆောင်နိုင်စွမ်း၏လျှို့ဝှက်ချက်ကား၊ ထိုပန်းချီကို ဆွဲခဲ့သူ၏လက်မှတ်ကို ကြည့်သောအခါ သူ၏ဖခင်ဖြစ်နေသည်ကို သိလိုက်ရခြင်းဖြစ်ပါသည်။

လူသားတို့၏အကျင့်စရိုက်ကို အပြစ်ဖုန်မှုန့်များ၊ အညစ်အကြေးများကဖုံးလွှမ်းဖျက်ဆီးပစ်ခဲ့ပါသည်။ သို့သော် ပန်းချီဆရာနှင့် ဗိသုကာပညာရှင်အချုပ်ဖြစ်သော ခမည်းတော်ဘုရား၏ သားတော်အဖြစ် ခံယူခဲ့သော ယေရှုရှင်အားဖြင့်၊ ကျွန်ုပ်တို့၏ ရုပ်သဏ္ဍာန်အကျင့်စရိုက်များကို ပြန်လည်ပြုပြင်မွမ်းမံကာ မူရင်းသို့ ပြန်ရောက်စေခဲ့ပါသည်။

***တောင်းဆိုချက်***။ ။ ပြန်လည်မွမ်းမံပြုပြင်ခြင်းလုပ်ငန်းစဉ်သည် တစ်သက်စာလုံးလုပ်ဆောင်ရမည့်အရာဖြစ်ပြီး၊ သင်ယခုပင် အစပြုရမည်ဖြစ်သည်။ သားတော်ဘုရား၏ရုပ်လုံး၌ စတင်ပြောင်းလဲလာသည်ကို သိမြင်နိုင်ရန် ဘုရားသခင်ထံဆုတောင်းပါ။

-၀-

# ဥပုသ်အပတ်စဉ် (၃၈)
## စက်တင်ဘာလ (၂၁) ရက်၊ ၂၀၂၄
# ကိုယ်တော်အတွက်လုံးလုံးဖြစ်ပါသည်

*"သို့ရာတွင် ကြည်ညိုသောစိတ်နှင့်ဤမျှလောက် ပူဇော်နိုင်အောင် အကျွန်ုပ်နှင့်အကျွန်ုပ်၏လူတို့သည် အဘယ်သို့သောသူဖြစ်ပါသနည်း။ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် ကိုယ်တော်၏ဥစ္စာထဲကသာ ကိုယ်တော်အားပူဇော်ပါ၏" (၁ရာ ၂၉း၁၄)။*

"အကျွန်ုပ်၏ကယ်တင်ရှင်၊ အကျွန်ုပ်ကိုကိုယ်တော်လုံးဝပိုင်ဆိုင်ပါ၏။ အကျွန်ုပ်၏ဝိညာဉ်အဖို့ ကိုယ်တော်သည် ရွေးနုတ်ခြင်းအဖိုးကိုပေးတော်မူပြီ။ ငွေကြေးဥစ္စာရရှိဖို့ရန် အကျွန်ုပ်ကိုမစတော်မူပါ။ အလဟသဖြုန်းတီးရန်မဟုတ်၊ မာနထောင်လွှားခြင်းအတွက်လည်း မဟုတ်ဘဲ၊ နာမတော်အဖို့အလို့ငှါ ဘုန်းတော်ထင်ရှားစေရန်သာဖြစ်စေဖို့ မစတော်မူပါ" - (ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်၊ စာမျက်နှာ ၅၁)။

ဤဆုတောင်းချက်သည်သင့်နှလုံးသား၏ အတွေးအခေါ်ဖြစ်ပါသလား။ ဘုရားသခင်နှင့်ကျွန်ုပ်တို့စပ်ကြား ဆက်ဆံရေး၏အရေးကြီးသော သဘောထားသုံးခုကိုနားလည်သဘောပေါက်စေပါသည်။

၁။ အကျွန်ုပ်ကိုကိုယ်တော်ပိုင်၏။ မိမိကိုယ်ကိုမပိုင်ပါ။ ကျွန်ုပ်ရရှိထားသည့်အရာများနှင့်ရရှိလာမည့်အရာများကိုကိုယ်တော်ပိုင်၏။ အကျွန်ုပ်မပိုင်ပါ။

၂။ ကိုယ်တော်သည် ကျွန်ုပ်၏အသက်ဝိညာဉ်ကိုရွေးနုတ်ကယ်တင်သော အကျွန်ုပ်၏ကယ်တင်ရှင်ဖြစ်သည်။ ဤအရာက အကျွန်ုပ်အား ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်စေသော တွန်းအားဖြစ်ပါသည်။ ကယ်တင်ခြင်းလုပ်ငန်းတွင် ပါဝင်လိုသောစိတ်ကို ကိုယ်တော်သာပေးပါသည်။

၃။ ကိုယ်တော်၏နာမတော် ဘုန်းတော်ထင်ရှားစေဖို့အလို့ငှာသာ ငွေကြေးဥစ္စာများကို ပေးတော်မူပါ။

လက်တွေ့ကျသောသဘောထားအမြင်ဖြစ်ပါသည်။ နံပါတ်(၁)နှင့်(၂)သည် တစ်သက်လုံးတွင်ထားရှိရမည့် အတွေးအခေါ်ဖြစ်ပြီး၊ နံပါတ်(၃)သည် လုံးဝကိုယ်တော်အပိုင်ဖြစ်သည်ကိုသဘောပေါက်သွားသော လုပ်ဆောင်မှု(action)ဖြစ်ပါသည်။

***တောင်းဆိုချက်***။ ။ ဘဝအသက်တာ၏စိတ်နေသဘောထားတစ်ခုစီတိုင်းကို ဘုရားသခင်၏လမ်းပြပွဲပြင်မှုအထဲမှာတည်ဆောက်ပါ။ ရရှိပိုင်ဆိုင်သမျှအရာခပ်သိမ်းတို့ကို နာမတော်၏ ဘုန်းတော်ထင်ရှားစေလိုခြင်းဖြစ်ကြောင်းကို ထပ်မံအခိုင်အမာပြုပါ။

-၀-

# အပတ်စဉ်(၃၉)

စက်တင်ဘာလ (၂၈) ရက်၊ ၂၀၂၄

# ညီအစ်ကိုနှစ်ယောက် အလှူနှစ်မျိုး

*"အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဖွားသောသားအချို့နှင့်သိုးဆီဉကို ဆောင်ခဲ့၏။ ထာဝရဘုရားသည် အာဗေလနှင့်သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏" (ကမ္ဘာဦးကျမ်း ၄း၄)။*

ကာဣနနှင့်အာဗေလ၊ ညီအစ်ကိုနှစ်ယောက်စလုံးသည် သူတို့၏မိဘ၊အာဒံနှင့်ဧဝတို့ကဲ့သို့ အလားသဏ္ဌာန်တူသောစမ်းသပ်မှုမျိုးကို ခံခဲ့ရပါသည်။ ထိုညီအစ်ကိုနှစ်ယောက်တို့၏ စိတ်သဘောထားနှင့်လုပ်ဆောင်မှုတို့သည် အလွန်ကွာခြားသည်။ နောင်သောအခါ၊ ကမ္ဘာဆုံးသည်တိုင်အောင်အထိတည်ရှိနေမည့် လူနှစ်မျိုးနှစ်စားတို့၏ သဘောသဘာဝကို ကိုယ်စားပြုပါသည်။ တစ်မျိုးမှာ ဘုရားကိုကိုးစားခြင်းနှင့်အခြားတစ်မျိုးကား ဘုရားကို ဆန့်ကျင်ဘက်ပြုခြင်းဖြစ်ပါသည်။

ဘုရားသခင်အပေါ် သစ္စာရှိသောသဘောကို ပိုင်ဆိုင်ထားသော အာဗေလသည် ဖန်ဆင်းရှင်မှကျရှုံးသူများအပေါ် ထားရှိသော သဘောထားဆက်ဆံရေးအားဖြင့် တရားဆုံးဖြတ်ခြင်းနှင့် သနားခြင်းကရုဏာကို သဲသဲကွဲကွဲတွေ့နိုင်ပြီး၊ ကယ်တင်ခြင်းလမ်းစဉ်ကိုကျေးဇူးတင်စွာဖြင့် လက်ခံခဲ့သော်လည်း၊ ကာဣနမူကား ငြင်းဆန်သောသဘောဖြင့်ညည်းညူလျက် နားမထောင်ခြင်းနှင့်ပုန်ကန်ခြားနားခြင်းသို့ ရောက်ရှိသွားခဲ့လေသည်။

၎င်းတို့၏အလှူများယူဆောင်လာပုံကို ထောက်ရှုခြင်းအားဖြင့် ထိုသူနှစ်ဦးအကြားကွာခြားမှုမှာ ပေါ်လွင်ထင်ရှားလှပေသည်။ ကာဣနက ဘုရားသခင်သူ့အားတည့်မတ်ပေးခြင်းကိုငြင်းဆန်ပြီး၊ မိမိ၏ရွေးချယ်မှုအတိုင်း ပုန်ကန်မှုကသူ့ကိုဦးဆောင်သွားလေသည်။ မိမိကိုယ်ကို အပြစ်သားဖြစ်သောကြောင့် ကယ်တင်ရှင်လိုအပ်သည်ဟုမမြင်ဘဲ၊ ကိုယ့်ကောင်းမှုကိုအသားပေးဖော်ပြပြီး၊ တရားမျှတမှုကို တောင်းဆိုခဲ့သည်။ အာဗေလ၏ ဆက်ကပ်ပူဇော်ခြင်းကို ဘုရားသခင်လက်ခံ၍ အပြစ်ဖြေလွှတ်ခြင်းခံရပြီး၊ သူခံစားရသောကောင်းကြီးမင်္ဂလာကို အခြားသူများထံသို့ စီးဆင်းစေပါသည်။

***တောင်းဆိုမှု။*** ။ ခရစ်တော်ယေရှုထံသို့၊ ယနေ့သင်လုံးလုံးလျားလျားဆက်ကပ်အပ်နှံနိုင်ပါမည်လား။ ကိုယ်တော်သည်သင်၏နှလုံးသားထဲမှာ စိုးစံသည်နှင့် သင်၌ပေးလှူလိုသောစိတ်ဆန္ဒနှင့်မေတ္တာတရားသည် အလိုအလျောက်ပေါ်လာလိမ့်မည်။ မည်သူမှသင့်ကိုဖိအားပေးစရာမလိုပါ။ အာဗေလကိုပြုသကဲ့သို့ သင်ဆက်ကပ်သောအလှူကိုကိုယ်တော်လက်ခံလိမ့်မည်။

# ဥပုသ်အပတ်စဉ် (၄၀)
## အောက်တိုဘာလ (၅)ရက်၊ ၂၀၂၄
# လိမ္မာစွာပဲ့ပြင်သွန်သင်ခြင်း

*"သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင်သူသည် အိုသောအခါထိုလမ်းမှမလွဲ လိုက်သွားလိမ့်မည်" (သုတ္တံကျမ်း ၂၂း၆)။*

ခရစ်ယာန်ဘဏ္ဍာစိုး၏အခြေခံဥပဒေတစ်ရပ်မှာ ဘုရားသခင်ကိုနေ့စဉ်မှီခိုကိုးစားခြင်းအားဖြင့်၊ လူသားတို့၏ စိတ်နှလုံးကိုစိုးမိုးချယ်လှယ်နေသော အတ္တသဘောကိုစွန့်ပစ်ဖယ်ရှားနိုင်ရန်ဖြစ်သည်။ ဘဏ္ဍာစိုးဆိုင်ရာ အသိပညာကိုသင်ကြားခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းသည် တစ်နေ့တစ်ရက်၊ တစ်ကြိမ်တစ်ခါတည်း ပြုရမည်မဟုတ်ဘဲ တစ်သက်တာလုံး၊ အစဉ်တစ်စိုက် အားပြုလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ထိုအလုပ်တာဝန်ကို ဘယ်အချိန်မှစ၍ဘယ်ကဲ့သို့ ပြုရမည်အကြောင်း "စံပြအိမ်ထောင်"၌ ဖော်ပြထားပါသည်။

"အိမ်ထောင်မိသားစုသည် ကလေးဘဝ၏အစပထမဦးဆုံးသောစာသင်ကျောင်းဖြစ်ပြီးမိဘများသည်သင်ကြားပို့ချသူများဖြစ်ပါသည်"(Adventist Home.p.182).

ကလေးများအသက်အရွယ်အလိုက်ကြီးထွားခြင်း၌ မှန်ကန်စွာသစ္စာရှိစွာ ပြီးမြောက်စေရပါမည်။

၁။အသက်၃နှစ်မှ၅နှစ်အတွင်း ရိုးရိုးရှင်းရှင်းအမြင်ကိုပဲနားလည်နိုင်သည်။ ငွေကြေးတစ်ကျပ်တိုင်း၊တစ်ပြားစီတိုင်းမှာ တန်ဖိုးရှိကြောင်းနှင့် မည်ကဲ့သို့စုဆောင်းတတ်ရမည်ကိုသင်ကြားပေးပါ။

၂။ အသက်၆နှစ်မှ ၁၁ နှစ်အတွင်းကလေးများအား လစဉ်ဝင်ငွေအခြေအနေ၊ အလှူငွေနှင့်အသုံးစရိတ်ဘတ်ဂျက်ထားရှိခြင်းကို ပြောပြနိုင်သည်။ မိမိကိုယ်ပိုင်အတွက် စဉ်းစားတတ်လာသည်။

၃။ အသက် ၁၂ မှ၁၅ နှစ်ကလေးများအား မိမိတို့၏ရပိုင်ခွင့်(သို့မဟုတ်)အခွင့်အရေးကိုသိစေပါ။

၄။ အသက် ၁၆ နှစ်မှအထက် ကလေး/လူငယ်များအားငွေကြေးဆိုင်ရာ အသိပညာသင်တန်းပေးရန်လိုအပ်ပါသည်။ ဘတ်ဂျက်ထားရှိပုံ၊ ကိုယ်တွယ်သုံးစွဲပုံနှင့်ထိန်းသိမ်းပုံပေးကမ်းဝေငှပုံတို့တွင် သစ္စာရှိစေရန် သင်ကြားပေးရပါမည်။

***တောင်းဆိုချက်။*** ။ သင်၏သားသမီးကိုသွန်သင်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ သင်ကိုယ်တိုင်၏ပုံစံနမူနာ မှန်ကန်စေခြင်းဖြစ်သည်။ လက်တွေ့ကျသောသင့်အသက်တာသည် သင့်သားသမီးများထံသို့ကူးစက်ပုံပေါ်သွားလိမ့်မည်။ မှန်ကန်စွာသွန်သင်ပဲ့ပြင်နိုင်ရန် ဘုရားသခင်မစပို့ဆောင်ပါစေ။

# ဥပုသ်အပတ်စဉ် (၄၁)

## အောက်တိုဘာလ (၁၂) ရက်၊ ၂၀၂၄

## *ရက်ရောပေးကမ်းခြင်းအတွက် နေရာပေးခြင်း*

*"ယုံကြည်သောသူအပေါင်းတို့သည် တစ်စုတစ်ဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကိုဆက်ဆံ၍ သုံးဆောင်ကြ၏" (တမန်တော် ၂း၄၄)။*

ပထမရာစုနှစ်ခရစ်ယာန်များ၏ ထူးခြားချက်တစ်ခုမှာ ၎င်းတို့၏ရက်ရောပေးကမ်းခြင်းပင်ဖြစ်သည်။ သူတို့မှာ ကြီးမားတဲ့ပိုင်ဆိုင်မှုချမ်းသာကြွယ်ဝမှုမရှိပါ။ အစုအဖွဲ့တစ်ဖွဲ့အဖြစ်သာ သိမှတ်ခြင်းခံခဲ့ရသည်။ သို့သော်လည်း သင်းဝင်ဦးရေတိုးပွားနှုန်းမြင့်မားပြီး သခင်ယေရှုအတွက် ကြီးမားသော သက်သေခံဖြစ်ခဲ့ပါသည်။

ဖခိုးမီယပ်စ် ဆိုသူသည် AD-292 တွင် အီဂျစ်ပြည်၌ မယုံကြည်သူမိဘများမှ မွေးဖွားလာခဲ့ပါသည်။ သူမ နှစ်သက်သောရောမစစ်သည်တော် စာရင်းထဲတွင် သူ၏နာမည်ပါဝင်ခဲ့သည်။ ထုံးစံအတိုင်း စိတ်ဆန္ဒမရှိသူများမှာ ထောင်ထဲတွင်လှောင်ထားခြင်းခံရသည်။ ဖခိုးမီယပ်စ် ထောင်ထဲတွင်ရှိနေချိန်၊ ထိုဒေသမှာ ဆိုးရွားသောတော်မွတ်ခေါင်းပါးခြင်းဘေး ကျရောက်ခဲ့ပါသည်။ သူနှင့်အဖော်တချို့မှာ လျှို့ဝှက်စွာစားသောက်ခဲ့ရသောကြောင့် သေဘေးမှလွတ်ခဲ့ပါသည်။ ထောင်ထဲမှာ သစ္စာရှိသောခရစ်ယာန်တချို့၏သက်သေကြောင့် သူသည် AD-314 ခုတွင် ရေနှစ်ခြင်းမင်္ဂလာကိုခံယူပြီး သြဇာရှိသောခရစ်ယာန် ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့သည် စိန်ခေါ်ချက်ကြီးမားသောဆက်ကပ်မှု (သို့မဟုတ်) စိန်ခေါ်မှုမရှိသော အေးအေးလူလူဝန်ခံလိုက်လျောသော ဘဝတစ်ခုခုကို ရွေးချယ်နိုင်ပါသည်။ သို့သော် စွန့်လွှတ်ဆက်ကပ်သော စိတ်သဘောထားကသာလျှင် စစ်မှန်သောယုံကြည်ခြင်းကိုနေရာပေးပြီး ထူးဆန်းသော နိမိတ်လက္ခဏာကို လက်တွေ့မြည်းစမ်းရမည်ဖြစ်သည်။ ထိုအတွက် ဘုရားသခင်သည် ယနေ့ ကျွန်ုပ်တို့ကိုဖိတ်ခေါ်နေပါသည်။

***တောင်းဆိုချက်***။ ။ ထူးခြားမှုကိုပြုပါမည်လား။ လုံးလုံးလျားလျားဆက်ကပ်မှုကြောင့် ကယ်တင်ခြင်းအတွက် သင်၏ပါဝင်ပတ်သက်မှုတွင် နောင်တရစရာမရှိပါ။ မိမိကောင်းကျိုးအတ္တအတွက်ကိုသာ ဦးစားပေးသူ၏ဘဝအသက်တာမှာ အဓိပ္ပါယ်ကင်းမဲ့ကြောင်း နားလည်လာလိမ့်မည်။စွန့်လွှတ်ပေးလှူခြင်းနှင့် ပရဟိတဝါဒသည် စစ်မှန်သော ခရစ်ယာန်၏ ဝိသေသလက္ခဏာဖြစ်ကြောင်း ဤလောကကြီးကို သင်ယနေ့ သက်သေပြလိုက်ပါ။

-၀-

# ဥပုသ်အပတ်စဉ် (၄၂)
## အောက်တိုဘာလ (၁၉) ရက်၊ ၂၀၂၄
## သစ္စာစောင့်ခြင်း၏စည်းမျဉ်းဥပဒေ

*“လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေသည်” (၁တိ ၅း၁၈)။*

နှုတ်ကပတ်တော်၌ သွန်သင်ထားသည်မှာ ပေးကမ်းရုံသက်သက်မဟုတ်။ မည်သို့မည်ပုံပြုရမည်အကြောင်း ဖော်ပြသေးသည်။ ထို့အတူ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေကို မည်ကဲ့သို့ပေးရမည်ဆိုသည်ထက် သစ္စာရှိမှုကိုဖော်ပြခြင်း ဖြစ်ရမည်အကြောင်းပါဝင်ပါသည်။

မေးနေကျမေးခွန်းမှာ “ဆယ်ဖို့တစ်ဖို့ကသန့်ရှင်းတယ်ဆိုလျှင်၊ သန့်ရှင်းတဲ့ ဗိမ္မာန်တော်အဆောက်အဦးအတွက်သုံးလို့မရဘူးလား” ဟုတွေးကြသည်။ မောရှေအား ဘုရားသခင်ဖော်ပြသည်မှာ “လေဝိသားတို့သည် ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ရွက်သောကြောင့် သူတို့အမွေခံစရာ ဣသရေလအမျိုးသားတို့၏ဥစ္စာ ဆယ်ဖို့တစ်ဖို့ကိုငါပေးပြီ” (တောလည်ရာကျမ်း ၁၈း၂၁) ဟုလာပါသည်။

ရှင်ပေါလုကလည်း “ဓမ္မကိစ္စအမှုကိုဆောင်ရွက်သောသူတို့သည် ဗိမ္မာန်တော်ကိုအမှီပြု၍ စားရသည်ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းအမှုကိုဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍ စားရသည်ကိုလည်းကောင်း၊ သင်တို့မသိကြသလော။ ထိုနည်းတူ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း သခင်ဘုရား၏ ပညတ်တော်မူချက်ရှိ၏” ဟု(၁ကော ၉း၁၃၊ ၁၄) တွင် ထပ်မံ၍ အခိုင်အမာဖော်ပြခဲ့ပါသည်။

အီးဂျီဝိုက်ကလည်း အသင်းတော်သက်သေခံချက်များ အတွဲ၉၊ စာမျက်နှာ ၂၄၈ ထဲတွင် “ဆယ်ဖို့တစ်ဖို့ကိုမှားယွင်းစွာ အသုံးပြုခြင်းအတွက် ဘုရားသခင်၏စီရင်ခြင်းကိုခံရမည်” ဟုသတိပေးထားပါသည်။ ဤကိစ္စ၌ “မိန့်တော်မူသည်ကား” ဆိုသည့် ရှင်းလင်းပြတ်သားသော အဆိုတစ်ခုဖြစ်ပါသည်။

***တောင်းဆိုချက်***။ ။ ဘုရားသခင်မိန့်တော်မူသည်အတိုင်းသာ ဆောင်ရွက်ဖို့ရန်သင် စိတ်ပြဌာန်းပါသလား။ သစ္စာရှိသော ပေးလှူဆက်ကပ်ခြင်းအဖြစ်၌ ဘုရားသခင် ကောင်းကြီးပေးပါစေသော။

-၀-

# ဥပုသ်အပတ်စဉ် (၄၃)

အောက်တိုဘာလ (၂၆)ရက်၊ ၂၀၂၄

## ဘုရားသခင်၏ လက်တော်ထဲ၌ အရာခပ်သိမ်းသည်တန်ဖိုးရှိ၏

*"ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ပေးတော်မူလတ့်" (မဿဲ ၆း၃၃)။*

၁၈၈၈ ခုနှစ်တွင် ရစ်ချ်မာ့ဖာမွန်အရပ်၌ ရောဘတ်လက်ထော်နို မွေးဖွားလာခဲ့ပါသည်။ အသက် ၁၆ နှစ်တွင် နှစ်ခြင်းမင်္ဂလာခံယူပြီးနောက်ပိုင်း၊ တီထွင်မှုအား ကောင်းလာ၍သန်းကြွယ်သူဌေးဖြစ်လာခဲ့ပါသည်။ သူစတင်တီထွင်လိုက်သော မြေတူးစက်နှင့် ပတ်သက်သော စက်ပစ္စည်းအမျိုးပေါင်း ၃၀၀ နီးပါး ပွားများလာခဲ့ပါသည်။

သူ့အသက်(၃၀)တွင် သူ၏သားဦးသေဆုံးသွားခြင်းကြောင့် စိတ်ဒုက္ခကြီးစွာရရှိခဲ့ပြီး၊ ထိုအချိန်မှစ၍ မိမိ၏ရည်မှန်းချက်ပန်းတိုင်ကိုပြန်လည်သုံးသပ်ခဲ့ပါသည်။ တီထွင်ခဲ့သောစက်ပစ္စည်း ကိရိယာများအပေါ် စိတ်ဝင်စားမှုများသည်ဘုရားသခင်၏ သာသနာလုပ်ငန်းအပေါ်သို့ကူးပြောင်းသွားပါသည်။ သူ၏ ဇနီးသည် အယ်ဗလင်း၊နှင့်အတူ မိမိတို့၏ဥစ္စာကြွယ်ဝမှုအားဖြင့်သာသနာတော်အတွက် ဆက်ကပ်ရန် စိတ်ပိုင်းဖြတ်ကာ၊ မိမိဝင်ငွေ၏ ၉၀% ကိုဘုရားသခင်အတွက် ကျန်၁၀% သာမိမိအတွက်ထားရှိပါသည်။ "ဘုရားသခင်၏စီးပွားရှင်" ဟုအမည်တွင်ခဲ့ပါသည်။

"မစ္စတာလက်ထော်နိုင်ခင်ဗျား၊သင့်ဝင်ငွေရဲ့၉၀%ကို သာသနာတော်အတွက် ပေးလှူနေတယ်ဆိုတာမှန်ပါသလား"ဟုမေးမြန်းလာသောအခါ၊ သူက"မဟုတ်ပါဘူးခင်ဗျာ၊ ဘုရားသခင်ကိုကျွန်တော်ဘာမှမပေးပါဘူး။ ဘုရားသခင်ပိုင်တဲ့ဥစ္စာထဲက၁၀% ကို ကျွန်တော့်အတွက် ကျွန်တော်အသုံးပြုနေတာဖြစ်ပါတယ်" ဟု အဖြေပေး ခဲ့ပါသည်။

ဘုရားသခင်က ကျွန်ုပ်တို့၏ဆက်ကပ်ခြင်းကိုအရေးယူတန်ဖိုးထားပါသည်။ တစ်ကမ္ဘာလုံး၏ ငတ်မွတ်ခြင်းဘေးကို ရပ်တန့်သွားဖို့သင်မလုပ်နိုင်သော်လည်း၊ သင့်အနီးရှိ ဆာငတ်သူမိသားစုကို သင်ကျွေးမွေးနိုင်ပါသည်။ သင့်နိုင်ငံတစ်ဝှမ်းလုံးဆီသို့ သင်မရောက်နိုင်သော်လည်း သင့်အိမ်နီးချင်းနှင့်အတူ ကျမ်းစာလေ့လာနိုင်ပါသည်။ မတတ်စွမ်းနိုင်ခြင်းအတွက် ဘုရားသခင်စိတ်မပူပါ။ တတ်သိနားလည်သည့်အရာက အသုံးမဝင်ခြင်းသည်သာဘုရားသခင်အားစိတ်ပူပန်စေပါသည်။

***တောင်းဆိုချက်***။ ။သေးငယ်သောအရာဖြစ်သော်လည်းဒါဝိဒ်ကလေး၏လောက်လွှဲကဲ့သို့လည်းကောင်း၊မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကဲ့သို့လည်းကောင်းမုဆိုးမ၏ဂျုံမှုန့်နှင့်ဆီအနည်းငယ်ကဲ့သို့ လည်းကောင်း အကျိုးသက်ရောက်မှုကြီးမားကြောင်း သင့်အားဖြင့်သေချာစေပါ။

# ဥပုသ်အပတ်စဉ် (၄၄)
## နိုဝင်ဘာလ (၂)ရက်၊ ၂၀၂၄
## စာရိတ္တပြုပြင်ပြောင်းလဲခြင်း

*"ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင်၊ခရစ်တော်သည်ငါ၌ရှင်တော်မူ၏" (ဂလာတိ ၂း၂၀)။*

သစ္စာရှိခြင်းရဲ့အကြီးမားဆုံး အကျိုးကျေးဇူးကတော့စာရိတပြောင်းလဲခြင်းဖြစ်ပါတယ်။

ဘုရားသခင်မိန့်မှာတဲ့အတိုင်း ကျွန်ုပ်တို့ရဲ့ဥစ္စာပစ္စည်း၊အချိန်၊ကာယခန္ဓာနဲ့စွမ်းရည်ဆုကျေးဇူးတွေကို ဘုရားသခင်ထံဆက်ကပ်အပ်နှံလိုက်တဲ့အခါ၊ အတ္တကင်းတဲ့မေတ္တာနဲ့သဒ္ဓါက အပြစ်သင့်လူသားများကိုကယ်တင်မည့် ကောင်းကြီးဖြစ်လာပါတယ်။ သက်သေခံချက်အတွဲ ၁၊ စာမျက်နှာ ၅၅၂ ထဲမှာ "မိမိ၏ပုံသဏ္ဍာန်နှင့်တူကာအတ္တကင်းမဲ့သောသဘောထားတွင် တစ်လုံးတစ်ဝတည်းဖြစ်စေရန် ဘုရားသခင်သည် စေတနာသဒ္ဓါစိတ်ဖြင့် ပေးလှူဆက်ကပ်သည့်စံနစ်ကို ပြင်ဆင်ချမှတ်ထားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး၌ ကိုယ်တော်နှင့်အတူထာဝရကာလတွင် ဘုန်းတော်ဝင်စားခြင်းဖြစ်လိမ့်မည်" လို့ရှင်းပြထားပါတယ်။ ဘုရားသခင် ကိုယ်တိုင်ချမှတ်ထားသောသစ္စာရှိခြင်း လမ်းစဉ်အားဖြင့် အတ္တစိတ်များက ပရဟိတစိတ်ဆီသို့ ကူးပြောင်းသွားနိုင်မှာဖြစ်ပါတယ်။

သင်၏ ဆယ်ဖို့တစ်ဖို့နှင့် ပူဇော်သက္ကာအလှူများကိုမပေးဘဲနေခြင်းဟာ အသင်းတော်ရဲ့ဘဏ္ဍာတိုက်ကို ထိခိုက်တာမဟုတ်ဘဲ၊ အတ္တကသင့်စိတ်နှလုံးကို ထိန်းချုပ်လိုက်တာဖြစ်ပါတယ်။ သို့သော် ဘုရားသခင်ပေးအပ်ထားတဲ့ ဘဏ္ဍာကိုကျေးဇူးတင်စိတ်နဲ့နေရာမှန်မှာထားလိုက်တဲ့အခါ အတ္တနဲ့ပတ်သက်တဲ့သဘောအားလုံး ပျောက်ကွယ်သွားပြီး၊ မြင့်မြတ်တဲ့စိတ်သဘောပေါ် လွင်လာတာဖြစ်ပါတယ်။

***တောင်းဆိုချက်*။** ။ မိမိဆန္ဒကိုနောက်ဆုံး၊ ဘုရားအလိုတော်ကိုဦးစားပေးတဲ့ သင့်ရဲ့စိတ်ပိုင်းဖြတ်ဆက်ကပ်မှုကို ယနေ့ထပ်မံပြီး အခိုင်အမာပြုနိုင်ပါစေ။

-o-

# ဥပုသ်အပတ်စဉ် (၄၅)

နိုဝင်ဘာလ(၉)ရက်၊ ၂၀၂၄

## ဆေးဝါးကုသမှု၏တစ်ဖက်မှာ

*"ငါတို့သည် အားမလျော့၊စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌အသီးအနှံကိုရိတ်ရကြလိမ့်မည်" (ဂလာတိ ၆း၉)။*

"သာသနာပြုဆရာဝန်" ဆိုတဲ့အသုံးအနှုန်းနဲ့ပတ်သက်လို့ ဆေးဘက်ဆိုင်ရာဆရာဝန်အနေဖြင့် ကုန်းကြောင်း၊ရေကြောင်း၊လေကြောင်းခရီးနဲ့ နိုင်ငံရပ်ခြားတောတောင်၊ လျှိုမြောင်အထိသွားလာ သာသနာပြုတဲ့ပုံရိပ်ကိုမြင်ယောင်မိပါလိမ့်မယ်။ သို့သော်ဝေးလံခေါင်သီပြီး အစွန်အဖြားကျတဲ့ တောတောင်ရေမြေမှာလိုသကဲ့သို့ မြို့ပြဒေသမှာလည်းအထီးကျန်ဆန်စွာ လိုအပ်နေပါတယ်။

ဒေါက်တာဂျော့ရှ်အိတ်ရှ်ရူး (George H.Rue) ဟာ ဆေးဘက်ဆိုင်ရာသာသနာပြုအနေဖြင့် ၁၉၂၉ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံ စူနန်မြို့နဲ့မြို့တော် ဆိုးလ်မြို့သို့ရောက်လာခဲ့ပါတယ်။ ဆိုးလ်မြို့မှာ နာတာရှည်ကုသတဲ့လူနာဆောင်ကို တည်ဆောက်ပြီးနောက်ပိုင်းမှာ၊ ဆိုးမြို့ရဲ့ဆေးရုံဖြစ်လာခဲ့ပါတယ်။ ၁၉၃၅ ခုနှစ်မှာ(၁၃)ပတ် အလှူငွေအားဖြင့် ကုတင် ၁၃၅လုံးဆံ့ပြီး ခွဲစိတ်ဆောင်အသေးပါဝင်တဲ့ ဆေးရုံအဖြစ်ထူထောင်နိုင်ခဲ့ပါတယ်။ ဒေါက်တာဂျော့ရှ်အိတ်ရှ်ရူးရဲ့ လုပ်ဆောင်မှုတွေဟာ ထိုစဉ်ကသမ္မတ(Rhee)ရဲ့ အာရုံစိုက်ခြင်းခံရပြီး ထိုသမ္မတရဲ့ ကိုယ်ရေးကိုယ်တာဆရာဝန်အဖြစ်အားကိုး အသိအမှတ်ပြုခံရပါတယ်။

၁၉၅၀ ခုနှစ် ကိုရီးယားစစ်ပွဲကြောင့် ဆေးရုံလုပ်ငန်းပြတ်တောက်ခဲ့ပါတယ်။ ဒေါက်တာရူးကတော့ တောင်ပိုင်းနယ်ရဲ့ဒုက္ခသည်စခန်းတွေကို စောင့်ရှောက်ပြုစုဖို့တာဝန်ပေးခံရပါတယ်။ ၁၉၅၄ ခုနှစ်မှာ သမ္မတရီး ကဒေါက်တာရူးကို နိုင်ငံတော်ရဲ့အမြင့်ဆုံးဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ခဲ့ပါတယ်။ ဒေါက်တာရီးရဲ့ အတွေ့အကြုံအပါအဝင်အခြားအဖြစ်အပျက်တွေဟာ ကမ္ဘာလုံးဆိုင်ရာ စုပေါင်းအလှူငွေ (Combined Offering) ရဲ့အစီအစဉ်အားဖြင့် ပြီးမြောက်စေခဲ့တာဖြစ်ပါတယ်။

***တောင်းဆိုချက်။*** ။ ယနေ့ကျွန်ုပ်တို့ပုံမှန်ထည့်ဝင်တဲ့အလှူငွေဟာ သာသနာပြုမိသားစု ၄၀၀ကျော်ရဲ့လုပ်အားကိုပံ့ပိုးနေပါတယ်။ ပုံမှန်ရာခိုင်နှုန်းအပြင် အထူးသီးသန့်ပေးလှူဆက်ကပ်လိုသူများကိုလည်း ဖိတ်ခေါ်ပါတယ်။Adventist Mission.org ကိုလည်းတိုက်ရိုက်ဆက်သွယ်နိုင်ပါတယ်။ သင်တို့ရဲ့ရက်ရောသော စေတနာအတွက်ကျေးဇူးတင်ပါတယ်။

# *ဥပုသ်အပတ်စဉ် (၄၆)*
## နိုဝင်ဘာလ (၁၆)ရက်၊ ၂၀၂၄
## ဝတ်ပြုခြင်းဆိုသည်မှာ…

*"ထိုကြောင့်သတိမရှိသောသူမဖြစ်၊ဘုရားသခင်၏အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူ" (ဧဖက် ၅း၁၇)။*

မှန်ကန်သောဝတ်ပြုခြင်းနဲ့ပတ်သက်လို့ အရေးကြီးဆုံးသဘောထားတွေထဲမှာ (ယောဟန် ၆း၃၈)ထဲမှာ "အကြောင်းမူကား ငါသည်ကိုယ်အလိုသို့လိုက်ခြင်းငှါကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကိုစေလွှတ်သောသူ၏အလိုသို့လိုက်ခြင်းငှါ ဆင်းသက်၏" လို့ယေရှုပြောပါတယ်။ ဝတ်ပြုကိုးကွယ်ခြင်းဆိုတာ ဘုရားသခင်ရဲ့အလိုတော်ကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

(ထွက် ၃၄း၂၃၊၂၄)ထဲမှာ ဖော်ပြတဲ့အတိုင်း ဣသရေလလူတွေဟာတစ်နှစ်မှာ၃ကြိမ် အချိန်မှန်ဘုရားသခင်ရှေ့မှာ မျက်နှာပြဖို့မိမိတို့အိမ်ကိုထားခဲ့ပြီး ယေရုရှလင်မြို့ဆီကို ပွဲခံဖို့ခရီးသွားရမယ်လို့ မိန့်မှာထားပါတယ်။

ဣသရေလလူတွေကို ဆိုးသွမ်းရဲတင်းတဲ့သူတွေ၊ လုယူတိုက်ခိုက်မှုအားသန်တဲ့လူမျိုးတွေကပတ်လည်ဝိုင်းရံထားပါတယ်။ဒီလိုအိမ်ကိုစွန့်ထားပြီးခရီးသွားရမယ်ဆိုတာ နောက်ပိုင်းကလုံခြုံမှုရှိပါ့မလားလို့ တွေးစရာရှိပါတယ်။ ဘုရားသခင်ကသူ့လူတွေကိုကာကွယ်လို့ ကတိပေးထားပါတယ်။ အရေးကြီးတာက နားထောင်လိုက်လျှောက်ဖို့ပဲဖြစ်ပါတယ်။

ရာချီထောင်ချီရှိတဲ့လူအုပ်ကြီးဟာ ယေရုရှလင်မြို့သို့ဦးတည်ခရီးသွားနေရင်း၊ ဆာလံသီချင်းဆိုကြတဲ့ပုံရိပ်ကို မြင်ယောင်ကြည့်နိုင်ပါတယ်။ ဘုရားဖူးခရီးသည်သီချင်းထဲမှာ "ထာဝရဘုရားသည်အိမ်ကိုဆောက်တော်မမူလျှင်၊ဆောက်သောသူတို့သည်အချည်းနှီးဆောက်ကြ၏။ . . . . . " ဆိုကို ကြားရပါလိမ့်မယ်။

***တောင်းဆိုချက်***။ ။ သည်အဖြစ်အပျက်က ဝတ်ပြုကိုးကွယ်ခြင်းဆိုတာ ဘုရားရဲ့အလိုတော်ကိုဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာ သွန်သင်ပြသပါတယ်။ အမြင်အားဖြင့် မလုံခြုံဘူးလို့ပေါ်လွင်သည့်တိုင်၊ သစ္စာရှိစွာရပ်တည်ခြင်းဖြစ်ပါတယ်။ ဥပုသ်နေ့မှာ ဝတ်ပြုကိုးကွယ်တာထက် အခြားတစ်နေ့မှာဝတ်ပြုကိုးကွယ်တာက လုံခြုံတယ်လို့အမြင်မှာဖြစ်လာခဲ့ရင်၊ ဘုရားရဲ့အလိုတော်ကိုဆောင်ရွက်ခြင်းသာလျှင် ဝတ်ပြုကိုးကွယ်ခြင်းအမှန်ဖြစ်တယ်ဆိုတာကိုသတိရပါ။သင့်ရဲ့ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကိုထည့်ရတာကိုလည်းထိုနည်းတူသွေးဆောင်ခြင်းခံရလျှင်ဘုရားသခင်မိန့်မှာချက်အတိုင်းလုပ်ဆောင်ခြင်းကအလုံခြုံဆုံးပဲ ဆိုတာကိုသတိရပါ။

# ဥပုသ်အပတ်စဉ် (၄၇)
## နိုဝင်ဘာလ (၂၃) ရက်၊ ၂၀၂၄
## ထူးဆန်းသောသွားစိုက်ဆရာဝန်တစ်ယောက်

*"ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၏ ခြေတို့သည်တောင်ပေါ်မှာအလွန်တင့်တယ်လှစွာတကား" (ဟေရှာယ ၅၂း၇)။*

လင်မယား၂ယောက်ကြား တိုက်လှန်မှုကအိမ်ထောင်ကွဲဖို့ အထိဖြစ်လာခဲ့ပါတယ်။ ရုံးရက်ချိန်းမတိုင်ခင်မှာ မိန်းမဖြစ်သူကသွားနာတဲ့အတွက်၊သွားဆရာဝန်ဆီသွားခဲ့ပါတယ်။ ထိုဆရာဝန်ရဲ့အခန်းထဲမှာ ခရစ်ယာန်သီချင်းဖွင့်ထားတဲ့အသံကိုနားထောင်ရင်း၊ ထိုသီချင်းစာသားရဲ့အဓိပ္ပါယ်ကို သိချင်လာတယ်။ ဆရာဝန်က သူ့အားအပြစ်နဲ့ကယ်တင်ခြင်းအကြောင်းကို ပြောပြတယ်။ စိတ်ဝင်တစားနဲ့ကျမ်းစာအုပ်ကို လိုချင်လာတယ်။ ဆရာဝန်ကသူ့ကိုတစ်တစ်အုပ်ပေးခဲ့တယ်။ တရားဟောဆရာတစ်ယောက်နဲ့လည်းချိတ်ပေးလိုက်တယ်။

တရားဟောဆရာသူ့ဆီလာလည်တဲ့အခါမှာ လင်မယားကွာရှင်းခြင်းအကြောင်းနဲ့ပတ်သက်ပြီး ဆရာ့ကိုတည့်တိုးမေးလိုက်တော့၊ ဆရာကသခင်ယေရှုရဲ့သွန်သင်ချက်အတိုင်းပြောပြပါတော့တယ်။ ထိုအမျိုးသမီးက၊ အခုခေတ်မှာဒါတွေမဖြစ်နိုင်ပါဘူးဆိုပြီး ငြင်းပါတယ်။ ဘုရားသခင်ထံမှာဆုတောင်းကြည့်ပါလို့ ဆရာကအကြံပေးပါတယ်။ စိတ်ထဲမှာတစ်မျိုးကြီးဖြစ်လာတယ်လို့ ခံစားရတယ်။ ရုံးတက်ရက်ချိန်းမရောက်ခင်မှာပဲ သူ့ယောကျ်ားကို "ငါစိတ်ပြောင်းပြီ" လို့ပြောတော့ ယောကျ်ားက "ဘာဖြစ်လို့လဲ" မေးလာတယ်။ "ကျွန်မယေရှုကို လက်ခံလိုက်ပြီ၊ ယေရှုရဲ့အလိုနဲ့ဆန့်ကျင်တာကို မလုပ်ချင်တော့ဘူး" လို့ ပြန်ဖြေခဲ့ပါတယ်။

နောက်နေ့ရုံးတော်ကိုရောက်တဲ့အခါ လင်မယား၂ယောက်လုံး ကွာရှင်းခြင်းအမှုကိုဖျက်သိမ်းခဲ့ပါတယ်။ ခရစ်တော်ကိုလက်ခံပြီး သာယာတဲ့မိသားစုဖြစ်လာခဲ့ပါတယ်။ တိတ်တဆိတ်သက်သေခံခဲ့တဲ့ သွားဆရာဝန်ကိုကျေးဇူးတင်ကြောင်း အမျိုးသမီးကသက်သေခံခဲ့ပါတယ်။

***တောင်းဆိုချက်***။ ။ရုန်းကန်တိုက်လှန်မှုအမျိုးမျိုးနဲ့နေရာတိုင်းရင်ဆိုင်နေရချိန်မှာ ဆရာဝန်များ၊ သူနာပြုများ၊ အင်ဂျင်နီယာများ၊ဆရာ/ဆရာမများရဲ့ဆက်ကပ်မှုတွေဟာခက်ခဲတဲ့နေရာဆီကို ရောက်ရှိလာခဲ့ပါတယ်။ မိမိတို့ရဲ့လုပ်ငန်းကိုလုပ်ဆောင်ရင်းအမှုတော်ဆောင်ကြပါတယ်။ ရှင်ပေါလုကဲ့သို့ "တဲရှင်ဆောက်လုပ်သူ"အမှုတော်ကိုကျွန်ုပ်တို့ရဲ့အလျူငွေအားဖြင့် ပံ့ပိုးကြပါစို့။

-၀-

# ဥပုသ်အပတ်စဉ် (၄၈)
## နိုဝင်ဘာလ (၃၀) ရက်၊ ၂၀၂၄
## ကောင်းကင်နှင့်မြေကြီး၏ပိုင်ရှင်

*"ထာဝရဘုရား၏ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကိုဖြစ်စေတတ်၏။ ထို စည်းစိမ်နှင့်လည်းဝမ်းနည်းခြင်းအကြောင်းကို ရောနှောတော်မမူ" (သုတ္တံကျမ်း ၁၀း၂၂)။*

ပထမဦးဆုံးသောဆယ်ဖို့တစ်ဖို့ကို ဓမ္မဟောင်းရဲ့ကမ္ဘာဦးကျမ်း အခန်း(၁၄)မှာ တွေ့ရပါတယ်။ ဟေဗြဲလူတို့ရဲ့ဖခင်ကြီး အာဗြံနဲ့အမြင့်ဆုံးသောဘုရားရဲ့ ယဇ်ပုရောဟိတ်မင်း မေလခိဇေဒက်တို့စိတ်ဝင်စားဖွယ်အလွန်ကောင်းတဲ့ တွေ့ဆုံကြခြင်းဖြစ်တယ်။ ရန်သူ့လက်မှ အောင်မြင်စွာပြန်ရောက်လာချိန်မှာ ယဇ်ပုရောဟိတ်မင်းမှအာဗြံအား ကောင်းကြီးပေးလျက် အာဗြံမှယဇ်ပုရောဟိတ်မင်းအား ရှိသမျှရဲ့ဆယ်ပုံတစ်ပုံကိုပေး အပ်လှူဒါန်းခြင်းအကြောင်းဖြစ်ပါတယ်။ ဤနေရာမှာ ကျေးဇူးတင်ဝမ်းမြောက်စိတ်နဲ့ ထိုဘိုးတော်ကြီးက မေလိဇေဒက်မှတစ်ဆင့် ဘုရားသခင်အားသူရရှိသမျှရဲ့ဆယ်ဖို့တစ် ဖို့ကို ပေးအပ်ခြင်းဖြစ်ပါတယ်။

ဆယ်ဖို့တစ်ဖို့ကိုမပေးအပ်ခင်မှာ အဘိုးအာဗြံဟာ မေလခိဇေဒက်ထံမှအဖိုး ထိုက်တန်သောညွှန်ကြားချက် သုံးခုကိုရရှိခဲ့ပါတယ်။

၁။ သစ္စာရှိခြင်းအလျှင်ကောင်းကြီးမင်္ဂလာ ရှိနှင့်ပါတယ်။ ကောင်းကြီးမင်္ဂလာရရှိဖို့ သစ္စာရှိရန် စိန်ခေါ်ခြင်းသဘောမဟုတ်ပါ။

၂။ ကောင်းကင်နှင့်မြေကြီးကို ဘုရားသခင်ပိုင်ဆိုင်ပါတယ် (က ၁၄း၁၉)။ ဆယ်ဖို့တစ် ဖို့ဆိုသည်မှာ ဘုရားသခင်ပိုင်တဲ့အရာထဲမှ ပြန်လည်ပေးအပ်ခြင်းသာဖြစ်ပါတယ်။

၃။ ကမ္ဘာဦးကျမ်း ၁၄း၂၀ ထဲမှာ အာဗြံက တိုင်းနိုင်ငံလေးခုရဲ့မင်းတွေကို အောင်နိုင်ခဲ့ တာဟာ ဘုရားသခင်ကဦးဆောင်တဲ့စစ်မှုအောင်ခြင်းပဲ ဖြစ်ပါတယ်။ ဥပုသ်နေ့မှာဝတ် ပြုခြင်းနဲ့ဆယ်ဖို့တစ်ဖို့ကို ဆက်ကပ်ခြင်းဟာ ဘုရားသခင်က ကျွန်ုပ်တို့ကိုအောင်မြင်မှု ပေးသောကြောင့်၊ တစ်ပတ်တာအတွက်နဲ့ တစ်လတာအတွက် ပြန်လည်ဆက်ကပ်အပ်နှံ ခြင်းဖြစ်ပါတယ်။

***တောင်းဆိုချက်***။ ။ ဥပုသ်နေ့၊ဆယ်ဖို့တစ်ဖို့နဲ့ အလှူငွေဟာ ခေတ်ကာလတစ်လျှောက် လုံးမှာ ဆက်ကပ်အပ်နှံခြင်းရဲ့အမှတ်အသားတစ်ခုဖြစ်လာခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ကြွယ်ဝသောကောင်းကြီးမင်္ဂလာကို ဝေငှဖို့ရန်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ထံမှတစ်ဆင့်အ ခြားသောသူများထံ ဆက်လက်စီးဆင်းသွားရမှာဖြစ်ပါတယ်။

-ဝ-

## ***ဥပုသ်အပတ်စဉ် (၄၉)***

ဒီဇင်ဘာလ (၇) ရက်၊ ၂၀၂၄

## ***ပွားများခြင်းနိယာမ***

*“ဧလိယကလည်းမစိုးရိမ်နှင့်။ သင်ဆိုသည်အတိုင်းသွား၍ ပြုလော့။ သို့ရာတွင် ငါ့အဘို့မုန့်ပြားငယ်တစ်ပြားကို အရင်လုပ်၍ယူခဲ့လော့။ နောက်မှသင်နှင့်သင်၏သား ငယ်အဖို့လုပ်လော့။ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည်မြေပေါ်မှာ မိုးရွာစေတော်မမူမီတိုင်အောင်၊ အိုး၌ရှိသောမုန့်ညက်မ ကုန်၊ဘူး၌ရှိသောဆီမလျော့ရဟု မိန့်တော်မူကြောင်းကိုဆင့်ဆို၏” (၃ရာ ၁၇း၁၃၊၁၄)။*

ဇရတ္တာမြို့က မုဆိုးမရဲ့အမြင်မှာမိုးရွာမယ့်အရိပ်အယောင်လုံးဝ မရှိပါဘူး။ သားငယ်လေးငတ်မွတ်သေဆုံးသွားမှာကိုလည်း မကြည့်မမြင်ရက်နိုင်ပါ။

ကျန်ရာမရဖြစ်နေချိန်မှာ သူစိမ်းဧည့်သည်တစ်ယောက်လာပြီး အစာလည်းပေးပါလို့တောင်းဆိုတာကတော့ လုံးဝကိုခက်ခဲလှပါတယ်။

(၃ရာ ၁၇း၁၂)ထဲမှာဖတ်ရတဲ့အတိုင်း “သင်၏ဘုရားသခင်ထာဝရဘုရားအသက်ရှင်တော်မူသည်အတိုင်း၊မုန့်ပြားတစ်ပြားမျှမရှိ။အိုးထဲမှာမုန့်ညက်လက်တစ်ဆုပ်၊ ဘူး၌ဆီအနည်းငယ်သာရှိ၏။ ကျွန်မနှင့်သားငယ်အဖို့ဖုတ်၍စားလိုသောငှါလည်းကောင်း၊စားပြီးမှသေလိုသောငှါလည်းကောင်း၊ ထင်းစနှစ်ခုကိုယခုခွေပါ၏ ဟုပြန်ပြော၏။” ခက်ခဲကြမ်းတမ်းလှတဲ့ သူ့အဖြစ်မှန် ဖော်ပြရင်း၊ ထိုမုဆိုးမဟာအနုတ်သဘောမှာပဲ ရှိနေဆဲဖြစ်ပါတယ်။

ဧလိယပြန်မြွက်ဆိုတဲ့ စကားကိုကြားရတဲ့အခါမှာတော့၊ အကျပ်အတည်းအတွက်ဘုရားသခင်ရဲ့ အဖြေကိုသူလက်ခံခဲ့ပါတယ်။ ဒီသဘောတရားအတိုင်း ယနေ့ကျွန်ုပ်တို့အတွက်လက်တွေ့ကျပါတယ်။ ကျွန်ုပ်တို့တကယ်လက်တွေ့ မလုပ်နိုင်တဲ့အကြောင်းအရင်းတစ်ခုကတော့ ကြောက်ရွံ့စိတ်အားကြီးတဲ့အတွက် ဖြစ်ပါတယ်။ အနုတ်သဘောမှာပဲ ဆက်ပြီးတည်နေမယ်ဆိုရင် သစ္စာတရားဟာငွေရေးကြေးရေး အကျပ်အတည်းထဲမှာပဲအရည်ပျော်သွားပါလိမ့်မယ်။

ဘုရားသခင်ကိုဦးစားပေးလိုက်တဲ့အခါမှာတော့ ဘယ်လိုလွတ်မြောက်အောင်မြင်သွားသလဲဆိုတာကို အံ့အားသင့်ရပါလိမ့်မယ်။

***တောင်းဆိုချက်။*** ။ ယနေ့ သင့်ရဲ့ကြောက်ရွံ့စိတ်တွေကိုဖယ်ရှားပစ်ပြီး၊ လောကီသားတွေတွက်ချက်တတ်တဲ့ အနုတ်သဘောကနေ ဘုရားသခင်ရဲ့ပွားများခြင်း နိယာမကို ရောက်ရှိနိုင်ဖို့ရန် ဘုရားသခင်အားတောင်းလျှောက်ပါ။

-ဝ-

# ဥပုသ်အပတ်စဉ် (၅၀)

## ဒီဇင်ဘာလ (၁၄) ရက်၊ ၂၀၂၄

## *ဘုရားသခင်၏ဘုန်းတော်အဖို့လုပ်ဆောင်ခြင်း*

***"ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ဆောင်ရွက်လော့။ အကြောင်းမူကား၊ သင်ယခုသွား၍ရောက်ရလတံ့သော အရပ်တည်းဟူသောမရဏာနိုင်ငံ၌ လုပ်ဆောင်ခြင်းမရှိ။ ကြံစည်ခြင်းမရှိ။ သိပ္ပံအတတ်မရှိ။ ပညာမရှိပါတကား" (ဒေသနာကျမ်း ၉း၁၀)။***

အလုပ်သက်တမ်း အနှစ်(၅၀)အတွင်းမှာ ပျမ်းမျှအားဖြင့် လူတွေဟာနာရီပေါင်း ၁၀၀၀၀၀(တစ်သိန်း)ကိုသုံးကြပါတယ်။ ကံဆိုးချင်တော့ လူအတော်များများဟာ မိမိတို့အလုပ်အတွက်ပဲအသက်ရှင်ကြတယ်။ အလုပ်ဆိုတာ အပြစ်မဝင်သေးတဲ့ ဧဒင်ဥယျာဉ်မှာကတည်းက ကောင်းကြီးမင်္ဂလာအဖြစ် ဘုရားသခင်ပေးအပ်ထားခဲ့တာဖြစ်တယ်။ ထိုကြောင့် ဘုရားသခင်ရဲ့ဘုန်းတော်အတွက် မှန်ကန်သောစိတ်ထားဖြစ်တဲ့ရိုးသားဖြောင့်မတ်ခြင်း၊ သစ္စာရှိတည်ကြည်ခြင်းဖြင့် ပြုလေသမျှမှာအကောင်းဆုံး လုပ်ဆောင်ဖို့ရန်ဖြစ်ပါတယ်။

သမ္မာကျမ်းစာထဲမှ စံနမူနာထားအပ်သော ပုဂ္ဂိုလ်များထဲမှ -ဒံယေလဟာလူသိထင်ရှားအပြစ်ကင်းစွာ အစေခံသူအဖြစ်သော်လည်းကောင်း၊ ယောသပ်ဟာရိုးသားပြီး သစ္စာရှိသူအဖြစ်သော်လည်းကောင်း၊ ယာကုပ်လည်း ဇွဲလုံ့လရှိသူအဖြစ်သော်လည်း ကောင်းတွေ့ရပါတယ်။

ခရစ်ယာန်တစ်ယောက်အနေနဲ့ ရှိအပ်တဲ့သဘောထားဟာ လုပ်ဆောင်လေသမျှကိစ္စတွေမှာ ဘုရားသခင်ရဲ့ဘုန်းတော်ထင်ရှားစေခြင်းပဲ ဖြစ်ပါတယ်။ ဂျာမန်ဂီတပညာရှင် ဂျွန်စီဘာစတိန်းဘက်ရေးစပ်တဲ့ သီချင်းတွေကို ဘုရားဝတ်ပြုခြင်းမှာအများဆုံးအသုံးပြုရပါတယ်။ သီချင်းသံစဉ်အပေါ် ထိပ်မှာ JJ အတိုကောက်စာလုံးရေးထားပြီး Jesu Juva (ယေရှုကျွန်ုပ်ကိုမစသည်) ဖြစ်ပြီး၊ SDD ကတော့ Soli Deo glori Dea (ဘုရားဘုန်းတော်အတွက်သာ) လို့ အဓိပ္ပါယ်ရှိပါတယ်။ ဘုရားရဲ့ဘုန်းတော်ကို သာဦးထိပ်ထားခြင်း သဘောဆောင်ပါတယ်။

***တောင်းဆိုချက်***။ ။ နေ့စဉ်အသက်တာရဲ့ လုပ်ဆောင်မှုတွေထဲ၊ ခရစ်တော်နဲ့ကတိပြုထားတဲ့အရာတွေမှာ ကိုယ်တော်ပါရှိဖို့ ဆုတောင်းပါ။

-၀-

# *ဥပုသ်အပတ်စဉ် (၅၁)*

ဒီဇင်ဘာလ (၂၁) ရက်၊ ၂၀၂၄

## *သစ္စာရှိခြင်းစတင်ဖြစ်လာသောအချိန်*

*"ထာဝရဘုရားသည် ငါ၏ဘုရားဖြစ်တော်မူလျှင်လည်းကောင်း၊ မှတ်တိုင်ပြု၍ငါထူသော ဤကျောက်သည်လည်း ဘုရားသခင်၏ဗိမာန်တော်ဖြစ်ရမည်။ ပေးသနားတော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်ဟု သစ္စာပြုလေ၏" (ကမ္ဘာ ၂၈း၂၁၊၂၂)။*

ယနေ့ အလုပ်လက်မဲ့နှုန်းပိုများလာပါတယ်။ တိုးတက်တဲ့ တိုင်းပြည်တွေမှာ တောင်ထင်ထင်ရှားရှား တွေ့မြင်ရတယ်။ အသင်းတော်ထဲမှာ နေ့စဉ်ဝင်ငွေတွေကိုဂရုစိုက်ရမှာဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦးရဲ့ စားဝတ်နေရေး အခြေအနေကိုလည်း အရေးထားရပါမယ်။ (ရောမဩဝါဒစာ ၁၂း၈) မှာဖော်ပြတဲ့ "အစွန့်အကြဲဝေငှသောသူသည် လျစ်လျူသောစိတ်နှင့်ဝေငှစေ။ အုပ်ချုပ်သောသူသည် လုံ့လဝီရိယနှင့်အုပ်ချုပ်စေ။ မစသနားခြင်းအမှုကို ပြုသောသူသည် စေတနာစိတ်နှင့်ပြုစေ" အကြံပြုသည် အတိုင်း ကျင့်သုံးရမှာဖြစ်ပါတယ်။

ဝင်ငွေပုံမှန်မရှိတဲ့သူလည်း ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေ(ပူဇော်သက္ကာ) မှာသစ္စာရှိရပါမယ်။ ဝင်ငွေမရှိသေးဘဲ ဘယ်လိုသစ္စာရှိနိုင်မလဲ။ ယာကုပ်ကိုနမူနာထားပါ။ ထွက်ပြေးနေရတဲ့လမ်းခရီးမှာ ကျောက်တုံးကိုပင်ခေါင်းအုံးလုပ်ရတဲ့အခြေအနေမှာ ဘုရားသခင်အပေါ် (ဆယ်ဖို့တစ်ဖို့မှာ) သစ္စာကတိပြုခဲ့ပါတယ်။ ဝင်ငွေမရှိတဲ့အခါမှာ ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေများ မဆက်ကပ်နိုင်သေးတဲ့အတွက် သစ္စာမရှိဘူး ကိုယ့်ကိုယ်ကိုမမှတ်ယူပါနဲ့။ မိမိထားရှိတဲ့ ကတိကိုသာပြန်လည်အခိုင်အမာပြု ဆုံးဖြတ်ပါ။ ဆုံးဖြတ်ချက်ခိုင်မာဖို့ အရေးကြီးပါတယ်။

***တောင်းဆိုချက်။*** ။ သင့်ငွေရှိလာသောအခါမှာ သင်၏ကတိသစ္စာကိုပြန်လည်အခိုင်အမာပြုသည်အနေဖြင့်၊ ခက်ခဲနေသူများကို သင်၏ပေးကမ်းဝေငှခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ လမ်းညွှန်ကူမခြင်းအားဖြင့် မင်္ဂလာရှိစေပါ။

-ဝ-

## *ဥပုသ်အပတ်စဉ် (၅၂)*

ဒီဇင်ဘာလ (၂၈) ရက်၊ ၂၀၂၄

## ***သူ့အတွက်၊ သူ့အားဖြင့်၊ သူ့ထံသို့***

*“ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှါလည်းကောင်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်” (ရောမ ၁၁း၃၆)။*

ရောမကိုရေးပို့လိုက်တဲ့ရှင်ပေါလုရဲ့ စာစောင်ထဲမှာ ဒီအချက်ကအရေးကြီးဆုံးဖြစ်ပါတယ်။ ရောမဩဝါဒစာ အခန်း(၁)မှ(၁၁)ထဲမှာ၊ လူဟာ ဘုရားသခင်ရဲ့ရှေ့တော်မှာဖြောင့်မတ်ရာသို့ မည်ကဲ့သို့ရောက်ရှိလာကြောင်းကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြပါတယ်။ သို့သော် အခန်း(၁၂)မှာစပြီး ခရစ်ယာန်အသက်တာရဲ့ ဧဝံဂေလိသတင်းစကားအတွက် လက်တွေ့လုပ်ဆောင်ကျင့်သုံးမှုကို ဖော်ပြသွားပါတယ်။

ဒီနေ့ကျမ်းချက်ထဲမှာ မှန်ကန်တဲ့ဝတ်ပြုကိုးကွယ်ခြင်းအဆင့်သုံးဆင့်ကိုတွေ့ရပါတယ်။

၁။ အရာခပ်သိမ်းကို ဘုရားသခင်ပိုင်တယ်။ သူဟာဖန်ဆင်းရှင်ဖြစ်တယ်။ (ကမ္ဘာ ၁း၁) ထဲမှာဖော်ပြတဲ့ “အစအဦး၌” ဆိုတဲ့ စကားရဲ့အစမတိုင်မီ အရင်ကတည်းကတည်ရှိနှင့်သူဖြစ်ပါတယ်။

၂။ အရာခပ်သိမ်းဟာ ဘုရားသခင်အားဖြင့်သာတည်ရှိပါတယ်။ ထို့ကြောင့် ကျွန်ုပ်တို့ရရှိတဲ့ ပစ္စည်းဥစ္စာနဲ့ စွမ်းရည်သတ္တိအားလုံးဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်ဖြစ်ပါတယ်။

၃။ အရာခပ်သိမ်းဟာ ဘုရားသခင်အတွက်ဖြစ်ပါတယ်။ ဒီအချက်ကို လက်ခံနိုင်ဖို့အခက်ခဲဆုံးဖြစ်နိုင်ပါတယ်။ အထက်ကအချက်နှစ်ချက်ကို အသိအမှတ်ပြုရင် ဝန်ခံနိုင်ပါလိမ့်မယ်။

***တောင်းဆိုချက်***။ ။ ယနေ့ ကျွန်ုပ်တို့လည်း၊ ရှင်ပေါလုကဲ့သို့ “ကိုယ်တော်အထဲကလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှါလည်းကောင်း ဖြစ်ကြ၏” လို့ ချီးမွမ်းသီဆိုရမှာဖြစ်ပါတယ်။

-၀-